ဒါနဥ္စ စတော မင်္ဂလ မုတ္တမံ၊ ပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၂၂)

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို



"မတရားမှုကို ခေါင်းငုံ့မခံတတ်သော မြန်မာတိုင်းရင်းသားတို့က လည်း နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများဆင်နွှဲခဲ့ကြသည်။ နယ်ချဲ့တို့က လည်း ၎င်းတို့ကို တော်လှန်မှုမပြုနိုင်ရေးအတွက် တိုင်းရင်းသားများ အတွင်း သွေးခွဲမှုများ ဖန်တီးလုပ်ဆောင်လာကြသည်။"

ရဲခေါင်စည်သူ၏ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး **"မြန်မာနိုင်ငံအား ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲမှုများ"** ကို စာမျက်နှာ (၈ နှင့် ၉)တွင် ဖော်ပြထားပါသည်။ **(မြန်မာ့အလင်း)**

တည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်းတို့၏ အခက်အလက်အသီးအပွင့်တို့ကို မျှဝေခံစားနေကြရပြီ

နယ်စပ်ဒေသများသည် ယခုအခါ လမ်းများ၊ တံတားများ၊ ခေတ်မီ ဆက်သွယ်ရေး နည်းစနစ်များဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း စသည့် လုပ်ငန်းများဖြင့် စီးပွားရေးဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာသည်သာမက ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း စသည့် လူမှုပတ်ဝန်းကျင်များဖြင့်လည်း ပြည့်စုံနေကြပြီဖြစ်ပါသည်။ ယနေ့ နယ်စပ်ဒေသများသည် မြို့ကြီးပြကြီးများနှင့် တန်းတူဖွံ့ဖြိုးတိုးတက်နေကြပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုး အသီးသီးတို့သည်လည်း တည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်း၏ အခက်အလက် အသီးအပွင့်တို့ကို မျှဝေခံစားနေကြရပြီဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၆)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ယူနီကယ်လ်ဥက္ကဋ္ဌအားလက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယူနီကယ်လ်ဥက္ကဋ္ဌ Mr. David C. Peters အား ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ယူနီကယ်လ် ဥက္ကဋ္ဌ Mr. David C. Peters အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုမှတစ်ဆင့် အမျိုးသားရေး အကျိုးစီးပွားဖော်ဆောင်ပေး

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် နိုင်ငံတကာနှင့်ရင်ပေါင်တန်း ရပ်တည်နိုင်စေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ထိုသို့ကြိုးပမ်းတည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးသည် အခြေခံအကျဆုံးသော အမျိုးသားရေးလိုအပ်ချက် ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးဟူသည့် မွန်မြတ်မြင့်မားသော ဦးတည်ချက်ကို ချမှတ်ပြီး တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းနှင့် အရည်အသွေးကို မြှင့်တင်ပေးနိုင်စေရန် ဘက်စုံ၊ ကဏ္ဍစုံက အားပေးဆောင်ရွက်လျက်ရှိသည်။

(၂၄)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် ပဉ္စမအကြိမ် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း ပူးတွဲအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာ၌–

“ဤကဲ့သို့ တစ်မျိုးသားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းနှင့် အရည်အသွေး တိုးတက်လွှမ်းခြုံမြှင့်တင်ပေးနိုင်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်ပြီး စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် သွားနှင့်ခံတွင်း ကျန်းမာရေးကဏ္ဍကိုလည်း အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် တစ်ခန်းတစ်ကဏ္ဍ ထည့်သွင်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း”

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရက သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိရာတွင် ကျောင်းသူကျောင်းသား လူငယ်များ၊ လူရွယ် လူလတ်များနှင့် သက်ကြီးရွယ်အိုများ၏ ပဏာမ သွားနှင့်ခံတွင်းကျန်းမာရေး တိုးမြှင့်စောင့်ရှောက်ပေးရန်အတွက် သွားရောဂါ ကာကွယ်နည်းများ ထိထိရောက်ရောက်အသုံးပြုနိုင်စေရန်၊ ခံတွင်းကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများ စားသုံးသည့် အလေ့အကျင့်ရှိလာစေရန်၊ မူလတန်း ကျောင်းသူကျောင်းသားများ သွားနှင့်ခံတွင်း နည်းစနစ်မှန်ကန်စွာ သန့်စင်တတ်စေရန်၊ ပြည်သူလူထုအတွင်း သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာ မှန်ကန်သည့်အသိအမြင်နှင့် အလေ့အကျင့်ရရှိလာစေရန် ဘက်စုံကဏ္ဍစုံတွင် ဖြန့်ကြက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

သွားဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးအတွက် ယခင်ခေတ်ကာလက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုသာရှိခဲ့ရာမှ ယခုအခါ ရန်ကုန်နှင့် မန္တလေးတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှစ်ခု ရှိလာခဲ့ပြီဖြစ်သည်။

၁၉၈၇ ခုနှစ်တွင် သွားဘက်ဆိုင်ရာ ဆရာဝန်ပေါင်း ၈၀၀ ခန့်သာရှိခဲ့ရာမှ ယခုအခါ သွားဘက်ဆိုင်ရာ ဆရာဝန်ပေါင်း ၁၅၀၀ ခန့်ရှိနေပြီဖြစ်သည်။ နိုင်ငံ့ဝန်ထမ်း သွားဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့်လည်း ယခင်ခေတ်ကာလက ၃၀၀ ခန့်သာရှိခဲ့ရာမှ ယခုအခါ ၅၀၀ ခန့်အထိ တိုးတက်လာခဲ့ပြီ ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်း၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် ၂၀၀၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့်ယှဉ်တွဲပြီး အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းတို့၏ ပညာရပ်ဆိုင်ရာ ပူးတွဲအစည်းအဝေးများကို ပဉ္စမအကြိမ်တိုင်အောင် နှစ်စဉ်မပြတ် ကျင်းပလာနိုင်ခဲ့သည်။ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအနေဖြင့် သွားဘက်ဆိုင်ရာ ဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့ပြည်သူများ၏ သွားဘက်ဆိုင်ရာ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးကဏ္ဍများတွင် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းကြီးနှင့်တကွ နိုင်ငံတကာ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များနှင့်ပါ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေမှုကို ဖော်ညွှန်းပြသနေခြင်း ဖြစ်သည်။

ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများ၊ ပူးတွဲအစည်းအဝေးများ ကျင်းပပြုလုပ်နိုင်သည့်အတွက် အမြဲတိုးတက်ပြောင်းလဲနေသော သွားဘက်ဆိုင်ရာ ဆေးပညာရပ်များ၊ ကုထုံးနည်းစနစ်သစ်များ၊ ခေတ်မီဆေးပစ္စည်းကိရိယာများကို မြန်မာသွားဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ရရှိအသုံးပြုနိုင်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များနှင့်လည်း အတွေ့အကြုံဆွေးနွေးဖလှယ်နိုင်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေခံကောင်းများလည်း တိုးပွားဖြစ်ထွန်းစေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းညီညာသည့် အမျိုးသားရေးစွမ်းပကားဖြင့် ကြိုးပမ်းနေသော ယနေ့ချိန်ခါတွင် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအနေဖြင့် သွားဘက်ဆိုင်ရာ ဆရာဝန်များကို စည်းရုံးဦးဆောင်ပြီး အမျိုးသားရေးအကျိုးစီးပွားကို သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုမှတစ်ဆင့် ဖန်တီးဖော်ဆောင်ပေးသွားနိုင်ကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသိ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၉

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံတွင် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလားအလာများ ဆွေးနွေးညှိနှိုင်းရန်နှင့် မလေးရှားနိုင်ငံတွင် ကမ်းလွန်ဒေသလုပ်ကွက်များမှ နောင်တွင်ပေါ်ပေါက်လာမည့် သဘာဝဓာတ်ငွေ့ ဖွံ့ဖြိုးမှုလုပ်ငန်းအစီအစဉ်များကို ဆွေးနွေးညှိနှိုင်းရန် ယမန်နေ့နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ (အပေါ်ပုံ)

မြန်မာကိုယ်စားလှယ်အဖွဲ့အား အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ၊ စွမ်းအင်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆွေမျိုးမိတ်သဂ်ဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငန်းတို့ပျံသန်းလေရာ ကဗျာစာအုပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာကဗျာစာဆို ထီလာစစ်သူသည် အိန္ဒိယနိုင်ငံ နိုဘယ်စာပေဆုရ စာဆို ရာဘင်ဒြာနသ်တဂိုး၏ ငန်းတို့ပျံသန်းလေရာ ကဗျာရှည် (A Flight of Swans Long Poem)ကို မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေလိုက်သည်။ **(ယာပုံ)** တိုင်း(မ်)သတင်းစာ စာပေကဏ္ဍတွင် ဤကဗျာရှည်သည် စာဆိုတဂိုး၏ အကောင်းဆုံးလက်ရာများအနက် တစ်ခုဖြစ်သည်ဟု ထောက်ခံချီးကျူးထားသည်။ ကင်းဘရစ်မှ အင်္ဂလိပ်စာပေပါမောက္ခ ဘာစီး(လ်)ဝီလီအက်ဒွပ်က အလွန်ထူးချွန်သူ ပါရမီရှင်လူသားတစ်ဦးကသာလျှင် ဤအလုပ်ကို ဆန္ဒပြင်းပြစွာဖြင့် ခံစား၍ လုပ်ဆောင်နိုင်စွမ်းရှိသည်ဟု ဆိုထားသည်။ မြန်မာနိုင်ငံမှ စာရေးဆရာ ပါရဂူနှင့် ဟိန်းလတ်တို့က အမှာစာ စာတမ်းငယ်များ ရေးသားပေးထားသည်။ မြန်မာ့ရွှေပြည် စာအုပ်က ထုတ်ဝေဖြန့်ချိကြောင်း သိရသည်။ **(က–ပ)**

အမှတ် ၁၄ (၄၀)ရပ်ကွက် ရာဇာဓိရာဇ်လမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးတင်အောင်–ဒေါ်သန်းသန်းငွေ (မော်လမြိုင်အသင်း အလုပ်အမှုဆောင်)တို့က နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့် လက်ခံယူစဉ်။ (က–ပ)

ကောင်းသန့်စာပေ အမှတ် ၂၀၉ ပထမထပ်(ယာ) ၃၈ လမ်း(ထက်) ရန်ကုန် ဖုန်း–၇၂၂၀၅၃ က ဖြန့်ချိသည့် လက်ဦးဆရာနှင့် မြတ်ပညာ ပညာရေးဆောင်းပါး ပေါင်းချုပ် စာအုပ်မျက်နှာဖုံး။ (က–ပ)



ထမနဲပြိုင်ပွဲနှင့် စတုဒိသာကျွေးမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ပဲခူးတိုင်း ပဲခူးမြို့ ကျီးတောင်ကျောင်း ဦးစီးနာယက ဆရာတော် ဦးဇာဂရအမှူးထား၍ မယ်တော်ကြီးစောနန်းဝေနှင့် ခုနစ်ရက် သားသမီးများက (တပို့တွဲလပြည့်နေ့) ဖေဖော်ဝါရီလ ၅ ရက်တွင် ထမနဲပွဲ ကျင်းပမည်ဖြစ်ရာ ဒယ်ပေါင်း ၁၀၈ ဒယ်အတွက် အနယ်နယ် အရပ်ရပ်မှ ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားရာ ယင်းပြိုင်ပွဲတွင် ပင့်သံဃာ ၁၀၈ ပါးတို့အား သင်္ကန်း ၁၀၈ စုံနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြမည် ဖြစ်သည်။ ထို့ပြင် ထိုရက်များမတိုင်မီ ကြွရောက်လာကြသော ဧည့်ပရိသတ်များအား ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဦးစိန်သာဗလမိသားစုနှင့် စာရေးဆရာ ကိုးဦးတို့က ဇန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက် (စနေ၊ တနင်္ဂနွေ)နေ့များတွင် အကြိုဧည့်ခံပွဲအဖြစ် တစ်နေ့လုံး ထမနဲ၊ စတုဒိသာ ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

တွေ့ဆုံနှုတ်ဆက်

ဇန်နဝါရီ ၂၉ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ယူနီကယ်လ်ဥက္ကဋ္ဌ Mr. David C. Peters အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်း-ရွှေဖုံး) (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

■ *ကျောဖုံးမှ*

သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များက သံတွဲလေဆိပ်တွင် ကြိုဆိုကြပြီး ဒေသခံတိုင်းရင်းသားကလေးငယ်များကလည်း ဂုဏ်ပြုပန်းစည်းများပေးအပ်၍ ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဧည့်သည်တော်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌဒေါက်တာထောင်လန်ဆီဆူလစ်နှင့် ဇနီးမဒမ်နာလီဆီဆူလစ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး သံတွဲမြို့ လင်းသာရပ်ကွက်ရှိ Lin Aung Industrial & Production Co., Ltd.၏ လင်းအောင်ပုစွန်အအေးခန်းစက်ရုံသို့ ရောက်ရှိကြရာ မန်နေဂျာ ဦးထွန်းနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များအား စက်ရုံရှင်းလင်းဆောင်၌ လင်းအောင်ပုစွန်အအေးခန်း၏ တည်နေရာနှင့် အကျယ်အဝန်း ကုမ္ပဏီပိုင်ငါးပုစွန် စက်လှေများဖြင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက် ဖမ်းဆီးရမှု အခြေအနေများ၊ ကုန်ချောထုတ်လုပ်မှုများ၊ ဈေးကွက်သို့ တင်ပို့ရောင်းချမှုများ၊ ရေခဲစက်မှ ရေခဲထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ပုစွန်အအေးခန်းအတွင်းရှိ ပုစွန်ကုန်ကြမ်း ရွေးချယ်ဆောင်ရွက်နေမှုများ၊ ဈေးကွက်သို့ တင်ပို့ရောင်းချရန် အသင့်ဖြစ်နေသော ပုစွန်ကုန်ချောများကို ထုတ်လုပ်သိုလှောင်ထားရှိဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် သံတွဲမြို့ မဇင်ကျေးရွာရှိ Everlive Co., Ltd.ကဆောင်ရွက်လျက်ရှိသည့် ရေငန်ပုစွန်သားပေါက်ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မန်နေဂျာ ဦးကိန်းနှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ ပုစွန်သားပေါက် ထုတ်လုပ်ရေးပညာရှင် ဦးထွန်းထွန်းက ပုစွန်သားပေါက်မွေးမြူထားရှိမှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံထားရှိမှုများ၊ ထုတ်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပင်လယ်ရေပြောင်းခြင်း၊ ရေစစ်ခြင်း၊ ရေပိုးသတ်ခြင်းနှင့် ရေသန့်စင်ခြင်း လုပ်ငန်းရပ်များ၊ မွေးမြူရေးလုပ်ငန်းရပ်များနှင့်စပ်လျဉ်းသည့် မျိုးပုစွန်စုဆောင်းခြင်း၊ မျိုးရင့်မှဲ့စေခြင်း၊ ဥချခြင်း၊ သားလောင်းပြုစုခြင်း၊ သက်ရှိအစာဆောင်ရွက်ထားရှိမှု၊ သားပေါက်ထုတ်လုပ်ခြင်း လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ထောင်လန်ဆီဆူလစ်နှင့် ဇနီး မဒမ်နာလီဆီဆူလစ်တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ငပလီကမ်းခြေရှိ Bay View Hotel ၌ ညအိပ်ရပ်နားကြသည်။

ပို့ဆောင်နှုတ်ဆက်

ရခိုင်ပြည်နယ် သံတွဲမြို့၌ရောက်ရှိနေကြသော ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်နှင့် ဇနီးမဒမ်နာလီဆီဆူလစ်တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် သံတွဲလေဆိပ်သို့ရောက်ရှိကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်လှိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များက သံတွဲလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ထောင်လန်ဆီဆူလစ်နှင့် ဇနီး မဒမ်နာလီဆီဆူလစ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီမိနစ် ၅၀ တွင် သံတွဲလေဆိပ်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ထောင်လန်ဆီဆူလစ်နှင့် ဇနီး မဒမ်နာလီဆီဆူလစ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ သံတွဲမြို့ လင်းသာရပ်ကွက်ရှိ Lin Aung Industrial & Production Co., Ltd. ၏ လင်းအောင် ပုစွန်အအေးခန်းစက်ရုံကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဇန်နဝါရီ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

တို့ပြည် တို့ရွာ

* အောက်မြို့အောက်ရွာ၊ မြစ်ချောင်းဖြာ၍
စိမ်းဝါလယ်ကွင်း၊ မိုးနံ့သင်းသည်
ရှုခင်းလှပါပေသည်တကား...။
* အထက်အညာ၊ နေခြည်ဖြာ၍
တောင်ယာခင်းပြန့်၊ ထနောင်းနံ့နှင့်
သင်းပျံ့ပါပေသည်တကား...။
* ရှမ်း၊ ချင်း၊ ကချင်၊ တောင်တန်းတွင်လည်း
နှင်းရွှင်ပက်ဖျန်း၊ ထင်းရှူးတန်းနှင့်
တင့်ဆန်းပါပေသည်တကား...။
* ကယား၊ ကရင်၊ စမ်းရေလျဉ်နှင့်
မြသွင်သစ်တော၊ အလှနှောသည်
သာမောဖွယ်ပါတကား...။
* မွန်၊ တနင်္သာရီ၊ ရခိုင်ဆီတွင်
ပင်လယ်လှိုင်းအေး၊ လေချိုသွေးသည်
ငြိမ်းအေးပါပေသည်တကား...။
* တို့ပြည်တို့ရွာ၊ အနှံ့သာပင်
နေရာတကာ၊ အလှဖြာတည့်
တို့ရွာတို့မြေ၊ အလှဝေတည့်
တို့မြေမှာဖွား၊ တို့ပြည်သားလည်း
ကြီးမားသဒ္ဓါ၊ စေတနာနှင့်
မေတ္တာပြည့်ဝ၊ နှလုံးလှတည့်
တို့၏ပြည်ရွာ၊ ကျူးကျော်လာမှု
ရန်ဟူသမျှ၊ ချေမှုန်းကြ၍
ဖြိုဖြိုညီညာ၊ စည်းလုံးကာလျှင်
ရဲစွာအားအန်၊ ဇာတိမာန်ဖြင့်
တွန်းလှန်ဖြိုဖျက် တတ်သည်တကား...။ ။

မင်းယုဝေ

ကာကွယ်ရေးဝန်ကြီးဌာနငွေစာရင်းရုံး ဘဏ္ဍာရေးအစ်နေ့၌ အငြိမ်းစားလစာထုတ်ပေးခြင်းကို ပိတ်ထားမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာသက္ကရာဇ် ၁၃၆၅ ခု တပို့တွဲလဆန်း ၁၂ရက်၊ ခရစ်သက္ကရာဇ် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (တနင်္လာနေ့)သည် ဘဏ္ဍာရေးအစ်နေ့ (အများပြည်သူရုံးပိတ်ရက်) ဖြစ်သဖြင့် ယင်းနေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး ရန်ကင်းမြို့နယ်၌ ကာကွယ်ရေးဝန်ကြီးဌာန အငြိမ်းစားများ(အရပ်သားအပါအဝင်)အား နေ့ချင်းပြီး ပင်စင်ထုတ်ပေးခြင်းကို ပိတ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၆)ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန်အောင်မြင်ကြောင်း ထုတ်ပြန်ကြေညာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

ရက်စွဲ၊ ၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း(၈)ရက်
၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်

အမိန့်ကြော်ငြာစာ

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရရွေးချယ်ရေးအဖွဲ့က ၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၆ ရက် (၂၈–၁၂–၂၀၀၃ ရက်) နေ့မှ တပို့တွဲလဆန်း ၆ ရက် (၂၇–၁–၂၀၀၄ ရက်)နေ့အထိ ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ တွင် ပူးတွဲပါပုဂ္ဂိုလ်များအား ရေးဖြေနှင့် အာဂုံပြန်အောင်မြင်ကြကြောင်း ကြေညာအပ်ပါသည်။

(ဒေါက်တာမျိုးမြင့်)
ညွှန်ကြားရေးမှူးချုပ်

(၅၆)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန်အောင်မြင်တော်မူကြသော သံဃာတော်များ စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ရေးဖြေအောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်းနှစ်ကျမ်း ရေးဖြေအောင် တိပိဋကကောဝိဒ(၂)ပါး

၁။ ပလ္လင်အမှတ်–၁၁၃ အရှင်သုန္ဒရ၊ အသက်(၄၈)နှစ်၊ သိက္ခာ(၂၈)ဝါ၊ စွန်းလွန်းဂူကျောင်းတိုက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၂။ ပလ္လင်အမှတ်–၁၁၄ အရှင်ကုလ္လပါလ၊ အသက်(၄၂)နှစ်၊သိက္ခာ(၂၂)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်းငါးကျမ်း ရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ(၂)ပါး

၁။ ပလ္လင်အမှတ်–၁၁၉ အရှင်အဘိဇာတာဘိဝံသ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၆)ဝါ၊ မဟာသုဇာတာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့။ ၂။ ပလ္လင်အမှတ်–၁၂၀ အရှင်ဝီရိယာနန္ဒ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၅)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း ရေးဖြေအောင် ဝိနယကောဝိဒ(၉)ပါး

၁။ ပလ္လင်အမှတ်–၁၄၃ အရှင်သုနန္ဒ၊ အသက်(၄၅)နှစ်၊ သိက္ခာ(၂၅)ဝါ၊ စိတ္တသုခတပ်ဦးကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ၂။ ပလ္လင်အမှတ်–၁၅၀ အရှင်အရိယဓမ္မ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။ ၃။ ပလ္လင်အမှတ်–၁၅၂ အရှင်ဓမ္မသိဒ္ဓိ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။ ၄။ ပလ္လင်အမှတ်–၁၅၈ အရှင်အဂ္ဂသာရာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊မင်းကွန်း၊ စစ်ကိုင်းမြို့။ ၅။ ပလ္လင်အမှတ်–၁၅၉ အရှင်ကောသလ္လ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။ ၆။ ပလ္လင်အမှတ်–၁၆၅ အရှင်ဓမ္မပီယ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၂)ဝါ၊ ဓမ္မာရာမကျောင်း၊ ကျုံဖဲရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ ၇။ ပလ္လင်အမှတ်–၁၆၆ အရှင်ဝေပုလ္လာ လင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ၈။ ပလ္လင်အမှတ်–၁၇၀ အရှင်ဩသဓ လင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက်၊ မန္တလေးမြို့။ ၉။ ပလ္လင်အမှတ်–၁၇၁ အရှင်သုခိန္ဒိယ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ၊ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်း။

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၄)ပါး

၁။ ပလ္လင်အမှတ်–၁၈၂ အရှင်ခေမာစာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေး တိုင်း။ ၂။ ပလ္လင်အမှတ်–၁၈၆ အရှင်ကေသရ၊ အသက်(၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ **(အထူးအောင်)**။ ၃။ ပလ္လင်အမှတ်–၂၀၄ အရှင်သောဘိတာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ ၄။ ပလ္လင်အမှတ်–၂၁၄ အရှင်ဝိသိဋ္ဌာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

အာဂုံပြန်အောင်စာရင်း

အဘိဓမ္မပိဋက၊အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းအာဂုံအောင် တိပိဋကဓရ(၁)ပါး

၁။ ပလ္လင်အမှတ်–၁ အရှင်ကုလ္လာစရိယ၊ အသက်(၃၉)နှစ်၊သိက္ခာ(၁၉)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

သုတ္တန္တပိဋက၊ဒီဃနိကာယ်သုံးကျမ်း အာဂုံအောင် ဒီဃဘာဏက(၅)ပါး

၁။ ပလ္လင်အမှတ်–၃ အရှင်ဇနိန္ဒ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၉)ဝါ၊ စိုက်ပျိုးရေးဓမ္မဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၂။ ပလ္လင်အမှတ်–၄ အရှင်ပညိန္ဒာဘိဝံသ၊ အသက်(၃၅)နှစ်၊ သိက္ခာ (၁၆)ဝါ၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ **(ဝိသိဋ္ဌဒီဃဘာဏက)**။ ၃။ ပလ္လင်အမှတ်–၅ အရှင်စက္ကိန္ဒ(မြိုင်)၊ အသက်(၂၅)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ၄။ ပလ္လင်အမှတ်–၇ အရှင် နေမိန္ဒာဘိဝံသ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၇)ဝါ၊မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်း တိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၅။ ပလ္လင်အမှတ်–၈ အရှင်သိရိဒတ္တာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ၊ မြစေတီကျောင်း၊ ဆိပ်ဖြူမြို့နယ်၊ မကွေးတိုင်း။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း အာဂုံအောင် ဝိနယဓရ(၁၆)ပါး

၁။ ပလ္လင်အမှတ်–၉ အရှင်နန္ဒဝံသသိရီ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ ဇေယျမေဒနီကျောင်းတိုက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်း။ ၂။ ပလ္လင်အမှတ်–၁၀ အရှင်ဝါသေဋ္ဌ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။ ၃။ ပလ္လင်အမှတ်–၁၁ အရှင်ဝိစိတ္တသာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ၄။ ပလ္လင်အမှတ်–၁၂ အရှင်သုဇန၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။ ၅။ ပလ္လင်အမှတ်–၁၃ အရှင်ဓမ္မနာဒ၊ အသက် (၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။ ၆။ ပလ္လင်အမှတ်–၁၄ အရှင်အာလောက၊ အသက် (၂၆)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်း။ ၇။ ပလ္လင်အမှတ်–၁၅ အရှင်ဝိစိတ္တာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ (၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။ ၈။ ပလ္လင်အမှတ်–၁၆ အရှင်နန္ဒဝံသ၊ အသက်(၂၄)နှစ်၊ သိက္ခာ (၄)ဝါ၊ မဟာသုရိယာရာမကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။ ၉။ ပလ္လင်အမှတ်–၁၉ အရှင်မင်္ဂလ၊အသက်(၃၇)နှစ်၊သိက္ခာ(၁၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊မင်းကွန်း၊ စစ်ကိုင်းမြို့။ ၁၀။ ပလ္လင် အမှတ်–၂၃ အရှင်ပညာသိရီလင်္ကာရ၊အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။ ၁၁။ ပလ္လင် အမှတ်–၂၅ အရှင်ပညာစက္က၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။ ၁၂။ ပလ္လင် အမှတ်–၂၇ အရှင်ပညာဝံသ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၁၃။ ပလ္လင်အမှတ်–၂၉ အရှင်ဝိစိတ္တ(မကွေး)၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်း တိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။ ၁၄။ ပလ္လင်အမှတ်–၃၁ အရှင်သူရိယ(ပုလဲ)၊ အသက်(၂၈)နှစ်၊ သိက္ခာ (၈)ဝါ၊ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။ ၁၅။ ပလ္လင်အမှတ်–၃၃ အရှင်စန္ဒာဝရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ၊ မဟာသုဇာတာရုံကျောင်း တိုက်၊ စစ်ကိုင်းမြို့။ ၁၆။ ပလ္လင်အမှတ်–၃၄ ရှင်ကုသလ၊ အသက်(၁၉)နှစ်၊ ဇောင်ကြမ်းပင်ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

(ဆက်လက်ဖော်ပြပါမည်။)

● *ပင်လယ်ပျော်မှ*

'ဆလုံ' လူမျိုးများကို တိုင်းရင်းသားအခေါ်အားဖြင့် 'မော်ကင်း' လူမျိုးများဟုခေါ်သည်။ 'ကိုဆိလူတာ' ဟူ၍လည်းကောင်း၊'ဆီလုန်'ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။

ပင်လယ်ပြင်တွင်

ဆလုံလူမျိုးတို့သည် ရပ်ရွာတည်၍ အခြေတကျနေထိုင်သော ဓလေ့မရှိဘဲ ပင်လယ်ပြင်တွင် အလွန်ပေါ့ပါးသော သစ်သားများ၊ ရင်ငန်းသားများဖြင့် ပြုလုပ်ထားသော 'ကဗန်း'ခေါ် လှေငယ်များပေါ်တွင် မိသားစု ချက်ပြုတ်စားသောက်ကြပြီး မိမိတို့ မွေးထားသော ခွေး၊ ကြောင်များကိုပါ လှေပေါ် တင်ဆောင်သွားလေ့ရှိသည်။

ခြေတံရှည်အိမ်

၎င်းတို့သည် အုပ်စုငယ်များဖွဲ့၍ ပင်လယ်ကမ်းစပ်များအတွင်းရှိ ကျွန်းများပေါ်တွင် ခြေတံရှည်အိမ်ငယ်လေးများဆောက်ကာနေကြသည်။ သို့သော် ပင်လယ်တွင် ရာသီဥတု ဆိုးရွား၍ လေဒဏ်၊ မိုးဒဏ်ကာကွယ်သည့် အခါများ၌သာ နေလေ့ရှိ၍ ကျန်အချိန်များတွင် လှေပေါ်၌အနေများကြပေသည်။

ရှေးယခင် ထားဝယ်ခရိုင် ဟိန်းဇဲ၊ ရှင်မော်၊ မောင်းမကန်၊ ဘုတ်ကျွန်း၊ မြိတ်ခရိုင် မလိကျွန်း၊ ပြင်ကြီးကျွန်းများတွင် ပျံ့နှံ့နေထိုင်ကြသည်။ ယခုအခါ ဆလုံတို့သည် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် လန်ပါကျွန်း၊ မြိတ်ကျွန်းစုများဖြစ်ကြသော ကတန်ကျွန်း၊ ဒုံးကျွန်း၊ ပုလဲတော်၊ မီးစိမ်းကျွန်း၊ဝါးကျွန်းတို့တွင်နေထိုင်ကြသည်။

ဆလုံတို့သည် တစ်ကျွန်းဝင် တစ်ကျွန်းထွက်ဖြင့် မျှော့၊ ကင်မွန်း၊ ငါး၊ ပုစွန်၊ ခရု၊ ကမာခုံးကောင်၊ ရှပ်၊ ငါးကြီးအံဖတ်စသည့် ပင်လယ်ထွက်ပစ္စည်းများ ရှာဖွေရောင်းချကာ အသက်မွေးကြသည်။ နက်ရှိုင်းသော ပင်လယ်ပြင်ရေအောက်တွင် အချိန်ကြာမြင့်စွာ ရေငုပ်လေ့ရှိကြသည်။

ဖျား၍ နေထိုင်မကောင်းဖြစ်လျက်နှင့်ပင် ရေချိုးချင် ချိုးကြသည်။ ဆေးသောက်ခြင်းမရှိဘဲ တစ်ခါတစ်ရံ အလိုလို ပြန်နေကောင်းသွားတတ်သည်မှာလည်း သူတို့၏ အံ့ဩစရာ တစ်ခုပင် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသား ပြည်သူအပေါင်းကို ကျောသားရင်သားမခွဲခြားဘဲ လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခြေခံကောင်းများ ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပေသည်။ မြို့နှင့် အလှမ်းကွာဝေးသော နယ်စပ်ဒေသများ၊ တိုင်းရင်းသားကျေးရွာဖွံ့ဖြိုးမှု ကွာဟမှုမရှိစေရန် လက်တွေ့ ကွင်းဆင်းဖြည့်ဆည်းပေးလျက်ရှိရာ ဆလုံတိုင်း ရင်းသားရိုးရာပွဲတော်ကို တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်ကျေးရွာအုပ်စု 'မကြိုဂလက်' ဆလုံရွာတွင် ဖေဖော်ဝါရီ၁၄ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပေသည်။

ဆလုံရိုးရာပွဲတော်ကို မြိတ်ကျွန်းစုခရီးစဉ်ဒေသဖွံ့ဖြိုး တိုးတက်လာစေရန်၊ အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းတိုင်းတွင် မြိတ်ကျွန်းစုနှင့် ဆလုံလူမျိုးအကြောင်း ပိုမိုသိရှိလာစေပြီး ခရီးသွားလုပ်ငန်း ဆွဲဆောင်မှုတစ်ရပ်အဖြစ် မြှင့်တင်ရန်၊ မြန်မာနိုင်ငံ၏ ပကတိ အခြေအနေမှန် အေးချမ်းသာယာမှုကို အပြည်ပြည်ဆိုင်ရာက နားလည် သိရှိလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ရာ 'မကြိုဂလက်' ဆလုံရွာအတွက် တိုးတက်ဖွံ့ဖြိုးမှု အလားအလာကောင်းပင်ဖြစ်ပေသည်။

'မကြိုဂလက်'ရွာလေးသည် ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်ကျေးရွာအုပ်စု လန်ပိကျွန်း၏ တစ်ဖက်ကမ်း ကျွန်းစုအကွေ့ပင်လယ်ကမ်းစပ်တွင်ရှိပေသည်။ ၎င်းရွာကလေးသည် အိမ်ခြေ ၁၀၀ ရှိ၍ ဆလုံလူမျိုးအများစုနေထိုင်ရာ ရွာကလေးဖြစ်သည်။ ယခုအခါ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ရေချိုသောက်ရေကန်များဖြင့် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

ရိုးရာပွဲတော်

နိုင်ငံတော်က သူတို့ 'ဆလုံ'ရိုးရာပွဲတော်ကျင်းပပေးမည်ဆို၍ ဝမ်းသာနေကြသည်။ ယခုချိန်လည်းနှစ်စဉ်နှစ်တိုင်းတပေါင်း၊တန်ခူးဆိုလျှင် 'ဆလုံ' ပွဲတော်ကို ကျင်းပလေ့ရှိပြီး ကကြ၊ ပျော်ကြ၊ နတ်တင်ကြဖြင့် ၎င်းတို့၏ရိုးရာ ဗုံများတီးလေ့ရှိသည်။

ယခုနိုင်ငံတော်က ကျင်းပမည့် ဆလုံရိုးရာပွဲတော်တွင် ၎င်းတို့၏ ရိုးရာဓလေ့များ၊ အသုံးအဆောင် ပစ္စည်းများ၊ ဆလုံရိုးရာအိမ်၊ လှေများပြသမည်ဖြစ်ပြီး လှေလှော်ပြိုင်ပွဲ၊ ရေငုပ်ပြိုင်ပွဲ (အချိန်ကြာပြိုင်ခြင်းနှင့် ပစ္စည်းရေငုပ်ရှာဖွေခြင်း)၊ရိုးရာအက၊ တော်သီချင်းများနှင့် နတ်ပွဲများ၊ နာရေးဖြစ်လျှင်တီးမှုတ်သည့်ဓလေ့များ၊ ၎င်းတို့၏ ဓလေ့စရိုက်များကို ဆလုံသီချင်းများဆို၍ ဆလုံများ ကခုန်ခြင်းဖြင့် သရုပ်ဖော် ပြသမည်ဖြစ်သည်။

ထို့နောက်ပွဲတော်အတွင်း လက်ဆောင်များ အပြန်အလှန်ပေးအပ်ခြင်းနှင့်ညအခါ မီးပုံပွဲတွင် ကခုန်ခြင်း၊ ညစာစားသောက်ခြင်းများပြုလုပ်မည်ဖြစ်သည်။ ၎င်းပြင်ဌာနဆိုင်ရာပြကွက်များ၊ မူးယစ်ဆေးဝါးပညာပေးပြခန်းများ၊ အေအိုင်ဒီအက်စ်ရောဂါအကြောင်းများကို ပန်းချီ၊ ဓာတ်ပုံ၊ ဗီဒီယိုများဖြင့်ပြသပေးမည်ဖြစ်သည်။

ပံ့ပိုးပေးမည်

ပွဲတော်သို့ သွားလာမှု အဆင်ပြေစေရန် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုနှင့် ချင်းတွင်းအပျော်စီးရေယာဉ်ကဲ့သို့ အခြားခရီးသွားလုပ်ငန်းဌာနများကလည်း ဝိုင်းဝန်းပံ့ပိုးသွားမှာဖြစ်ပေသည်။

အတွေ့အကြုံ

ဤကဲ့သို့ တစ်မူထူးခြားသော ပင်လယ်ခရီးသွားရသဖြင့် အတွေ့အကြုံများ၊မြင်ကွင်းသစ်များဖြင့် အေးချမ်းစွာပျော်ဖြေမှုစုံလင်စွာသွားရမည်ဖြစ်ပြီး 'မကြိုဂလက်' ဆလုံရွာတွင် ပင်လယ်ရေချိုးခြင်း၊ သဲသောင်ပြင်တွင် လတ်ဆတ်ရှင်းသန့်သော လေကိုရှူ၍ အန်းရေ သောက်ခြင်း၊ ပင်လယ်ထွက်အစားအသောက်များ စားသုံးခြင်း၊ လှေငယ်ဖြင့် ကျွန်းများတစ်ဝိုက် လှည့်ပတ် ကြည့်ရှုခြင်းများဖြင့် ဆလုံရိုးရာပွဲတော်လာသူများ စိတ်ချမ်းမြေ့ပျော်ရွှင်ဖွယ် ရသခံစားရမည်ဖြစ်ကြောင်း သတင်းကောင်းပါလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

❐ *အိုင်တီပညာရပ်မှ*

ထိုသို့ နောက်ဆုံးပေါ် အိုင်တီနည်းပညာရပ်များကို အထူးသဖြင့် လူငယ်များက ပိုမို စိတ်ဝင်စားစေပြီး သင်ယူတတ်မြောက်စေရေးနှင့် ဆက်စပ်ပစ္စည်းများကို လူငယ်ထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အကောင်းဆုံး နည်းလမ်းများဖြင့် ပံ့ပိုးကူညီပေးမှုကြောင့် ယနေ့ မြန်မာလူငယ် အများအပြားသည် အိုင်တီပညာရပ်အပေါ် စိတ်ဝင်စားမှုများ ပိုမိုများပြားပြီး တွင်ကျယ်စွာ အသုံးပြုနိုင်လာကြပြီဖြစ်သည်။

အထူးသဖြင့် လူငယ်များ၏ အိုင်တီပညာရပ်အပေါ် ပိုမိုသိရှိ ဗဟုသုတရရှိစေရန် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲများ ပြုလုပ်ကျင်းပရာသို့ သွားရောက်၍ မေးမြန်းခဲ့သည်။

MIT ပြခန်းမှ ဦးရဲသူရသက် (ဒါရိုက်တာ)က "မိမိတို့ ပြခန်း၌ အသေးစားနှင့်အလတ်စားလုပ်ငန်းတွင် အသုံးပြုသည့် ဆော့ဖ်ဝဲလ်များ၊ မိုဘိုင်းကိရိယာများ၊ စီးပွားရေး၊ ကျန်းမာရေးဆိုင်ရာ ဌာနများအတွက် ဆော့ဖ်ဝဲများ၊ အိုင်တီနည်းပညာသုံး ပညာရေးနှင့်ပတ်သက်သည့် သင်ကြားမှုတွင် ထောက်ကူပြုနိုင်သည့် စနစ်များ၊ အသုံးပြုပုံများကို ပြသထားပါကြောင်း" ပြောကြားသည်။

တတိယအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲ–၂၀၀၄ သည် အိုင်တီနည်းပညာရပ်များကို လေ့လာဆည်းပူးလိုသူများ၊သုံးစွဲသူများအတွက် အကောင်းဆုံးဖြည့်ဆည်းပေးနိုင်သည့် ပြပွဲကြီးတစ်ခုအဖြစ် ထင်ရှားပေါ်လွင်နေပါကြောင်းရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

တိပိဋကဓရအထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ပဲခူးယ်ကုန်းမြို့ ဓမ္မအကြည်တော်အဖွဲ့က ကြီးမှူးကျင်းပသော တိပိဋကဓရ အထူးတရားပွဲကို (တပို့တွဲလဆန်း ၁၂ ရက်) ဖေဖော်ဝါရီ ၂ ရက်တွင် ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ၊ (တပို့တွဲလဆန်း ၁၃ ရက်) ဖေဖော်ဝါရီ ၃ ရက်တွင် နဝမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို မြို့မသာသနာ့ ဗိမာန်တော်ကြီး၌ ည ၇ နာရီတွင် နှစ်ညတိုင်တိုင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

30-1 (4).p65 1 3/26/05, 12:25 AM

ဘဂ္ဂဒက်ရှိအမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ရုံးချုပ်အနီး မပေါက်ခွဲရသေးသည့် ကားဗုံးတွေ့ရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်ရှိအပေါင်းပါတပ်ဖွဲ့ရုံးချုပ်အနီးတွင် မဖောက်ခွဲရသေးသည့် ဗုံးတစ်လုံးတွေ့ရှိရကြောင်းနှင့် အမေရိကန်တပ်ဖွဲ့ဝင်က ယင်းဗုံးကို လုံခြုံစိတ်ချရေးအတွက် စနက်တံဖြုတ်ပစ်ရန် ကြိုးပမ်းခဲ့ရကြောင်းနှင့် အမေရိကန်စစ်ဘက် ပြောခွင့်ရသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်ရှိ အပေါင်းပါတပ်ဖွဲ့ရုံးချုပ်ရှိရာ အစိမ်းရောင်ဇုန်နယ်တွင် ပြင်ပပုဂ္ဂိုလ်များ ကားရပ်နားရာ နေရာတွင် ရပ်နားထားသည့် ကားတစ်စီးပေါ်၌ တွေ့ရှိရခြင်းဖြစ်ကြောင်း အခင်းဖြစ်ရာနေရာ၌ ရောက်ရှိနေသော သတင်းထောက်များ ကပြောကြားသည်။

ယခုတွေ့ရှိရမှုမှာ မဖောက်ခွဲရသေးသည့် ကားဗုံးတစ်လုံးဖြစ်ကြောင်း အမှတ်(၁)သံချပ်ကာတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ယင်းကားဗုံးကို စနက်တံဖြုတ်ရန်ကြိုးပမ်းခဲ့ရကြောင်း အမေရိကန်စစ်ဘက်ပြောခွင့်ရ ပုဂ္ဂိုလ်ကပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

ဇန်နဝါရီ ၂၇ရက်က ခါဒီယာမြို့တွင် အမေရိကန်စစ်ယာဉ်တစ်ခု တိုက်ခိုက်ခံရပြီးနောက် ယင်းနေရာအနီး စစ်ယာဉ်တစ်စီးဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၂၈ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ ဟိုတယ်တစ်ခုအား ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားပြီးနောက် ဟိုတယ်ရှေ့တွင် စစ်ဆေးမှုများ ပြုလုပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်တောင်ဘက် စစ်ယာဉ်တန်းဖြတ်သန်းစဉ် လမ်းဘေးဗုံးပေါက်ကွဲ၍ ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက်တစ်နေရာတွင် ဇန်နဝါရီ ၂၇ရက်က အမေရိကန်စစ်ယာဉ်တန်း ဖြတ်သန်းသွားစဉ် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားခဲ့ရာ ယင်းနေ့၌ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးရှိကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ တောင်ဘက် မိုင် ၃၀ကွာ အစ်စကန်ဒါရီယာအရပ်၌ ဒေသစံတော်ချိန် ညစနာရီက တိုက်ခိုက်ခံရစဉ်တွင် အခြားအမေရိကန် တပ်ဖွဲ့ဝင် သုံးဦးမှာလည်း ဒဏ်ရာရရှိသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်မှ ပြန်တမ်းတစ်စောင်၌ ဖော်ပြသည်။

ယင်း အင်္ဂါနေ့အစောပိုင်းက ဘဂ္ဂဒက်မြို့ အနောက်ဘက်တစ်နေရာတွင် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲရာ၌ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး သွားခဲ့ရသေးသည်။

သေဆုံး

ယမန်နှစ်မတ်လအတွင်းက အီရတ်နိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်စဉ်မှ ယခုချိန်ထိ သေဆုံးသွားကြရပြီးဖြစ်သည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၂၀ မျှ ရှိပြီးဖြစ်ရာ တိုက်ပွဲ၌သေဆုံးသူ ၃၆၁ ဦးရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်ရောက်အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်တို့ ဘာသာစကားနားမလည်၍ အခက်ကြုံကြရ

တီကရစ်၊ အီရတ် ဇန်နဝါရီ ၂၇

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အစောင့်များကို အနီးဝန်းကျင်ဒေသများတွင် အန္တရာယ်များသည့်အတွက်ကြောင့် ရှောင်သွားကြရန် သတိပေးကြသည်။ သို့ရာတွင် ဘာသာစကား အခက်အခဲရှိနေသည်ဖြစ်ရာ အီရတ်များက အန္တရာယ်ရှိသည်ဟု နားမလည်ကြဘဲ အမေရိကန်တပ်ဖွဲ့ဝင်များက ဝီစကီအရက်လိုချင်သောကြောင့် ခြောက်လှန့်နေခြင်းဖြစ်သည်ဟု အမိပ္ပာယ်ကောက်ယူသည့် အဖြစ်များနှင့် ကြုံနေရသည်ဟု ဆိုသည်။

အီရတ်တွင် ဆက်ဒမ်ဟူစိန်၏ အစိုးရပြုတ်ကျသွားသည်မှာ အချိန်ကိုးလ ကြာခဲ့ပြီဖြစ်သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်လူမျိုးများနှင့်ထိတွေ့ပြီး နေ့စဉ်ကိစ္စများ ဆောင်ရွက်ကြရာ၌ ဘာသာစကား မကျွမ်းကျင်မှုပြဿနာမှာ အခက်အခဲကြီးတစ်ရပ်အဖြစ် ရင်ဆိုင်နေရကြောင်း သိရသည်။

သင်ကြား

အမေရိကန် စစ်ရေးစီမံကိန်းရေးဆွဲရာ၌ တာဝန်ရှိသူများသည် အီရတ်နိုင်ငံသို့ တာဝန်ထမ်းဆောင်ရန် စေလွှတ်မည့် မရိန်းတပ်ဖွဲ့ဝင်ရာပေါင်းများစွာကို အီရတ်ဘာသာစကားနှင့် ဓလေ့ထုံးစံများကို သင်ကြားပေးလျက်ရှိသည်။

အားထား

သို့ရာတွင် များသောအားဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်များနှင့်ဖြစ်စေ၊ ဒေသခံခေါင်းဆောင်များနှင့်ဖြစ်စေ ဆက်ဆံကြရာ၌ အရပ်သား စကားပြန်များအပေါ်၌သာ များစွာ အားထားနေရသည်။ အာရပ်ဘာသာစကားပြောနိုင်သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ မဆိုစလောက်သာရှိသည်။

အခက်ကြုံ

အမေရိကန် တပ်ဖွဲ့ဝင်များက စိုးရိမ်စရာ ကောင်းလောက်အောင် ပေါက်ကွဲနိုင်သော အခြေအနေကို ရှင်းပြရာ၌လည်းကောင်း၊ ညွှန့်ပေါင်းတပ်ဖွဲ့ဝင်များက အီရတ်များ အလုပ်ရအောင် မည်သို့ဆောင်ရွက်ပေးမည်၊ လမ်းတံတားများကို မည်သို့ပြုပြင်ပေးမည်ဆိုသော ကိစ္စများကို ရှင်းပြရာ၌လည်းကောင်း အခက်အခဲများနှင့် ကြုံတွေ့နေကြရသည်။

နေ့စဉ် အမေရိကန်တို့ ခြေကျင်ကင်းလှည့်ကြရာ၌လည်း အာရပ်ဘာသာစကား နိုင်နင်းစွာ ပြောနိုင်သူများမပါဘဲ ကင်းလှည့်နေကြသည်။ အီရတ်နိုင်ငံမြောက်ပိုင်း အမှတ် (၄) ကြည်းတပ်မတာဝန်ယူရသော တီကရစ်ဒေသတွင် အာရပ်ဘာသာစကားပြောနိုင်သူ တပ်ဖွဲ့ဝင် ၂၀ခန့်ဖြင့်သာ လုပ်ငန်း ဆောင်ရွက်နေရသည်။ အမေရိကန်များသည် ဒေသခံစကားပြန်များနှင့် အမေရိကန်ကုမ္ပဏီများက အခြားသော အာရပ်နိုင်ငံများမှ ကန်ထရိုက်စာချုပ်ချုပ် ငှားရမ်းထားသော စကားပြန်ကိုသာ အားကိုးပြီး ဆက်သွယ်နေကြရသည်။ **(အင်တာနက်)**

အီရတ် လက်နက်ရှာဖွေရေး အဖွဲ့ခေါင်းဆောင်သစ် ချားလ်ဂျူရယ်ဖားအား ခန့်အပ်ပြန်

ဝါရှင်တန် ဇန်နဝါရီ ၂၇

မိမိလုပ်ငန်းတွင် အကြီးအကျယ် လွှမ်းမိုးနေသော အဖျက်စွမ်းအားကြီးသည့် အီရတ်လက်နက်များကိစ္စ မေးခွန်းများကိုဖြေကြားရန် အားထုတ်ကြိုးပမ်းရေးမှာ မိမိလုပ်ငန်းတာဝန်သာလျှင်ဖြစ်ကြောင်းဖြင့် အီရတ်နိုင်ငံအတွင်း အဖျက်အားစွမ်းကြီးမားသော လက်နက်များ (ဒဗလျူအမ်ဒီ)ရှာဖွေရေး အဖွဲ့ခေါင်းဆောင်သစ် ချားလ်ဂျူရယ်ဖားက ပြောကြားလိုက်သည်။

ခန့်အပ်

အီရတ်နိုင်ငံအတွင်း ဒဗလျူအမ်ဒီ လက်နက်များရှာဖွေရေး အမေရိကန်စစ်ဆေးရေးသမားများ အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေးဗစ်ကေး၏ နေရာတွင် သောကြာနေ့၌ အစားထိုးခန့်အပ်ခံရသည့် ချားလ်ဂျူရယ်ဖားက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ဂျူရယ်ဖားသည် သိပ္ပံပညာရှင်များနှင့် အခြားသောကျွမ်းကျင်သူများ စုစုပေါင်း ၁၄၀၀ခန့်ပါဝင်သော အီရတ်လက်နက်ရှာဖွေရေးအဖွဲ့ကို ခေါင်းဆောင်ရမည်ဖြစ်သည်။ ဒေးဗစ်ကေးသည် ဆက်ဒမ်ဟူစိန်၏ အဆိုပါ အဖျက်စွမ်းအားကြီးမားသည့် လက်နက်များကို လက်နက်ရှာဖွေရေးအဖွဲ့ခေါင်းဆောင်အဖြစ် ရှစ်လနီးပါး အီရတ်တွင်ရှာဖွေခဲ့သော်လည်း ရှာမတွေ့ခဲ့ချေ။ **(အင်တာနက်)**

အီရတ်လက်နက်ဆိုင်ရာထောက်လှမ်းရေးသတင်းကိစ္စ စုံစမ်းစစ်ဆေးရန် ဒီမိုကရက်အမတ်များတောင်းဆို

ဝါရှင်တန် ဇန်နဝါရီ ၂၇

အီရတ်နိုင်ငံကို စွပ်စွဲခဲ့သော အဖျက်စွမ်းအားကြီးမားသည့် လက်နက်များဆိုင်ရာ ထောက်လှမ်းရေးသတင်းများနှင့်ပတ်သက်ပြီး လွတ်လပ်စွာ စုံစမ်းစစ်ဆေးရန် အတိုက်အခံ ဒီမိုကရက်ပါတီဝင်များက တောင်းဆိုလိုက်သည်။

ထွက်ပေါ်လာ

စီအိုင်အေ လက်နက်စစ်ဆေးရေးမှူးဟောင်းဒေးဗစ်ကေးက ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်ပြီးနောက် ထိုတောင်းဆိုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် စောစောပိုင်းများကစပြီး တားမြစ်လက်နက်များကို အီရတ်နိုင်ငံ၌ အများအပြား ထုတ်လုပ်ခဲ့သည်ဆိုသည်ကို ၎င်းအနေဖြင့် မယုံကြည်ကြောင်း ဒေးဗစ်ကေးက ပြောကြားလိုက်ခြင်းကြောင့် ယခုကိစ္စသည် အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီ၏ အီတလီခရီးစဉ်၌ ဖြေရှင်းရခက်သော ကိစ္စတစ်ရပ်ဖြစ်လာခဲ့သည်။ သို့ရာတွင် ချေနီသည် အီရတ်နိုင်ငံအရေးကိစ္စများကို ဘေးဖယ်ကာ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးတက်ရရှိရန် မျှော်လင့်နေသည်။

ရင်ဆိုင်နေရ

အီရတ်နိုင်ငံမှ လက်နက်ထုတ်လုပ်သော အစီအစဉ်နှင့်ပတ်သက်ပြီး အမေရိကန်ထောက်လှမ်းရေး သတင်းလွဲမှားနေခြင်းနှင့်ပတ်သက်သည့် မေးခွန်းများကိုသာ ဒစ်ချေနီ ရင်ဆိုင်နေရကြောင်း၊ အီတလီဝန်ကြီးချုပ် ဗလက်စ်ကိုနီနှင့် ယမန်နေ့က တွေ့ဆုံဆွေးနွေးရာ၌လည်း အမေရိကန်တို့ တိုက်ခိုက်သော အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး ဒစ်ချေနီက ကာကွယ်ပြောကြားလျက်ရှိနေကြောင်း သိရသည်။ ဒီမိုကရက်ပါတီဝင်အချို့က ဒုတိယသမ္မတဒစ်ချေနီသည် အီရတ်၌ရှိသည်ဆိုသော လက်နက်များ အန္တရာယ်ကြီးမားပုံကို ချဲ့ထွင်ပြောကြားနေခြင်းဟု ထင်မြင်လျက်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အမေရိကန်နှင့်အပေါင်းပါတို့၏ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အမေရိကန်နှင့်အပေါင်းပါတပ်များ ပုံးကြဲမှုကြောင့် အဆောက်အအုံများစွာပျက်စီးပြီး လူများသေဆုံးခဲ့ရ

၂၀၀၃ခုနှစ် မတ်လ ၂၀ရက်မှစတင်၍ အီရတ်နိုင်ငံကိုအဓမ္မကျူးကျော်စစ်ဆင်နွှဲခဲ့သည့် အမေရိကန်နှင့်အပေါင်းပါတပ်များက အီရတ်နိုင်ငံတစ်ဝန်းလုံး လူနေအိမ်များ၊ ကျောင်းများ၊ ရုံးများပါမကျန် ဗုံးကြဲခဲ့သည်။ ထိုသို့ ဗုံးများအဆီးအတားမရှိ ပရမ်းပတာကြဲချခဲ့မှုကြောင့် အီရတ်တို့၏အိမ်များ၊ ရုံးများနှင့်ကျောင်းများ ပျက်စီးခဲ့ရပြီး အီရတ်ပြည်သူများ သေကျေခဲ့ရသည်ကို စုစည်းဖော်ပြအပ်ပါသည်။

အမေရိကန်တို့၏လေကြောင်းတိုက်ခိုက်မှု အီရတ်ပြည်သူများသေကျေခဲ့ရ

အမေရိကန်နှင့်အပေါင်းပါတပ်များက အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ရာတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် သေကျေခဲ့ရသည့် အီရတ်ပြည်သူများ၏ စာရင်းဇယားမှာ အောက်ပါအတိုင်းဖြစ်သည်။

နေ့စွဲ	နေရာ	သေဆုံးသူ အရေအတွက်
မတ်၂၀မှဧပြီ၃	မိုဟာမိဒီယာခရိုင်	၂၂
မတ်၂၀မှဧပြီ၃	နာဆီရီယာ	၂၄၀
မတ်၂၀မှဧပြီ၇	ဗဟိုဆေးရုံကြီးနှင့်ဘာဆာရာ	၂၀၁
၂၀-၃-၂၀၀၃	ရွတ်ဘာ	၁
၂၂-၃-၂၀၀၃	တီကရစ်	၅
၂၂-၃-၂၀၀၃	ဘဂ္ဂဒက်	၃
၂၆-၃-၂၀၀၃	ဘဂ္ဂဒက်	၂၁
၂၇-၃-၂၀၀၃	မိုဆူးလ်	၅၀
မတ် ၂၇မှ ဧပြီ ၁၂	ဟီလာဒေသဝန်းကျင်	၂၀၁
၂၈-၃-၂၀၀၃	မစ်ဆန်	၂
၂၈-၃-၂၀၀၃	ဝါဆက်	၂
၂၈-၃-၂၀၀၃	ဘာဘယ်	၂၆
၂၈-၃-၂၀၀၃	ကာဘာလာ	၁၁
၂၈-၃-၂၀၀၃	ဘဂ္ဂဒက်	၇
၂၈-၃-၂၀၀၃	ဘဂ္ဂဒက်	၆၂
၂၉-၃-၂၀၀၃	နာဂျက်ဖ်	၃၅
၂၉-၃-၂၀၀၃	ကာဘာလာ	၆
၂၉-၃-၂၀၀၃	ဘာဘယ်	၃
၂၉-၃-၂၀၀၃	အင်ဘာ	၂၈
၂၉-၃-၂၀၀၃	ဘဂ္ဂဒက်	၆
၃၀-၃-၂၀၀၃	ဘဂ္ဂဒက်	၆
၃၁-၃-၂၀၀၃	ဘဂ္ဂဒက်	၆
၃၁-၃-၂၀၀၃	ဟီလာမြို့အနီး	၁၅
၁-၄-၂၀၀၃	ဘဂ္ဂဒက်	၂၄
၁-၄-၂၀၀၃	ဘောဘီလုံပြည်နယ်	၃၃
၃-၄-၂၀၀၃	ဘဂ္ဂဒက်	၂၇
၅-၄-၂၀၀၃	ရာရှိဒီယား	၉၉
၈-၄-၂၀၀၃	အယ်ဂျာဇီရာရုံး	၁
၉-၄-၂၀၀၃	ဖတ်လီယာ	၄
ဧပြီ ၁၁ ရက်မှ ၂၂ရက်အထိ	ဘဂ္ဂဒက်မိုင်၁၀၀၀ဝန်းကျင်	၁၈
၂၃-၉-၂၀၀၃	အယ်ဂျီဆာရှာ	၃
၂၉-၉-၂၀၀၃	ခါဟာဒီရပ်	၁
	စုစုပေါင်း	၁၁၆၉

၂၀၀၃ခုနှစ် ဧပြီ ၃ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌အမေရိကန်တပ်များကလေကြောင်းမှ ဗုံးကြဲတိုက်ခိုက်စဉ်အတွင်း ပြိုကျသွားသော အီရတ်တို့၏နေအိမ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် ဇွန် ၅ ရက်က အီရတ်နိုင်ငံ ရာမာဒီမြို့မှ အဆောက်အအုံများ စစ်ပွဲအတွင်း အမေရိကန်တပ်ဖွဲ့များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြိုကျပျက်စီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝဲပုံမှာ ၂၀၀၃ခုနှစ် မတ် ၂၉ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ ပညာရေး ဝန်ကြီးဌာနပိုင် သိုလှောင်ရုံများ ဗုံးကြဲခံရပြီး မီးလောင်နေသည်ကို တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ခုနှစ် မေ၂၄ရက်က ဘာဆာရာမြို့၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့်ပျက်စီးသွားသော အီရတ်တစ်ဦး၏ နေအိမ်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အီရတ်တို့၏ နေအိမ် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

30-1 (6).p65 1 3/26/05, 12:25 AM

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ပြည်နယ်ပြည်မ ဆက်သွယ်မှု လွယ်ကူချောမွေ့ စေရေးအတွက် ကယားပြည်နယ် လွိုင်ကော်မြို့တွင် တည်ဆောက်ထားသော မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေး စခန်း။



ဒေသခံတိုင်းရင်းသားများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိသည့် ကယားပြည်နယ် ဖရူဆိုမြို့နယ်ရှိ ဟိုယာ တိုက်နယ်ဆေးရုံ။



လွိုင်ကော်မြို့ရှိ ကယားပြည်နယ် ယဉ်ကျေးမှုဇိမာန်ကို တွေ့ရစဉ်။

လွိုင်ကော်တက္ကသိုလ်

ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ လွိုင်ကော်တက္ကသိုလ် သုံးထပ် တိုးချဲ့စာသင်ဆောင်။

ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးမြေဧက	၁၈၅၀၀၀	၂၀၀၀၀၀ ကျော်
ဆည်တမံများ	၁	၃
လမ်းပန်းဆက်သွယ်ရေး		
တံတား	၂၅၄	၃၂၃
လမ်းမိုင်	၄၄၆	၅၇၉
ရထားလမ်းမိုင်	-	၂၇၆
ဆက်သွယ်ရေး		
မိုက္ကရိုဝေ့ဗ်	-	၁
အော်တိုတယ်လီဖုန်း	-	၁၀၈၉
စာတိုက်	၇	၁၃
ကြေးနန်းရုံး	-	၈
အော်တိုအိတ်ချိန်း	-	၁

လွိုင်နန်းဖ ရေထိန်းတမံ

ကယားပြည်နယ် ဒီမောဆိုမြို့နယ်အတွင်း စိုက်ပျိုးရေ ပေးဝေလျက်ရှိသည့် လွိုင်နန်းဖ ရေထိန်းတမံ။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ပညာရေး		
အခြေခံပညာကျောင်း	၃၃၃	၃၈၃
တက္ကသိုလ်	-	၁
ကောလိပ်	-	၂
ကျန်းမာရေး		
ဆေးရုံ	၁	၇
တိုက်နယ်ဆေးရုံ	-	၈
ကျေးလက်ကျန်းမာရေးဌာန	-	၁
ကျေးလက်ကျန်းမာရေးဌာနခွဲ	-	၁၉
သူနာပြုသင်တန်းကျောင်း	-	၁
ပြန်ကြားရေး		
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်		
စက်ရုံ	-	၆
ပြန် / ဆက်ရုံး	-	၈
စာကြည့်တိုက်	-	၃၄

စည်းလုံးချစ်ကြည်

ရွှေပြည်သစ်ဆီသို့

နယ်ချဲ့ဆန့်ကျင်ရေး တိုင်းရင်းသားခေါင်းဆောင် တစ်ဦးဖြစ်သူ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ် (၁၉၆၁ ခုနှစ် ဒီဇင်ဘာလက ရိုက်ကူးထားသည့်ပုံ ဖြစ်သည်။)

မြန်မာနိုင်ငံအား ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲမှုများ

ရဲခေါင်စည်သူ

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ်နန်း ကိုယ့်ကြငှန်းဖြင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်။ မြန်မာတိုင်းရင်းသားတို့သည် အချင်းချင်း ရိုင်းပင်းကူညီမှု၊ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုတို့ဖြင့် အေးအတူပူအမျှ လက်တွဲနေထိုင်ခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့ဗြိတိသျှတို့သည် အေးချမ်းသာယာစွာရပ်တည်လာခဲ့သော မြန်မာနိုင်ငံအား ၁၈၂၄ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ခုနှစ်တွင် တစ်ကြိမ် ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲကာ မတရားသိမ်းပိုက် ကျွန်ပြုခဲ့သည်။

ဗြိတိသျှတို့သည် မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ရေ၊ မြေ၊ တောတောင်များ ကောင်းမွန်မှု၊ သယံဇာတ ပေါကြွယ်ဝမှု၊ ကူးသန်းသွားလာရေးလွယ်ကူမှုစသော အခြေအနေကောင်းများကို မျက်မြင်တွေ့ရှိရသောအခါ ၎င်းတို့အကျိုးစီးပွားအတွက် မြန်မာနိုင်ငံ ကျွန်သက်ရှည်ရေးအစီအမံများကို ချမှတ်ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များတွင် မသမာသောနည်းများဖြင့် ခြယ်လှယ်သွေးစုပ်အမြတ်ထုတ်ခဲ့ကြသည်။ မတရားမှုကို ခေါင်းငုံ့မခံတတ်သော မြန်မာတိုင်းရင်းသားတို့ကလည်း နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာတိုင်းရင်းသားများ စည်းလုံးညီညွတ်ကာ ၎င်းတို့ကို ဆန့်ကျင်တော်လှန်မှု မပြုနိုင်ရေးအတွက် တိုင်းရင်းသားများအတွင်း သံသယဖြစ်မှုများ၊ ရန်လိုမုန်းတီးမှုများ ပေါ်ပေါက်လာအောင် သွေးခွဲမှုများ ဖန်တီးလုပ်ဆောင်လာကြသည်။

သွေးခွဲခြင်း၏ အဓိပ္ပာယ်မှာ တလုံးတစည်းတည်း စည်းလုံးညီညွတ်နေသော စိတ်ဓာတ်ကို ပျက်ပြားသွားစေပြီး အချင်းချင်း မသင့်မတင့်ဖြစ်အောင် လုပ်ကြံဖန်တီးခြင်းပင်ဖြစ်သည်။ တိုင်းရင်းသားသွေးချင်းများအချင်းချင်း စိတ်ဝမ်းကွဲကာ သံသယဖြစ်မှုများ၊ ရန်လိုမှုများဖြစ်ပေါ်အောင် ဖန်တီးပေးပြီး ၎င်းတို့အပေါ် ဆန့်ကျင်တော်လှန်လိုသည့် တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်များ၊ ဇာတိသွေး ဇာတိမာန်များကို ရိုက်ချိုးဖျက်ဆီးရန် ရည်ရွယ်လုပ်ဆောင်ခဲ့ကြသည်။ ဗြိတိသျှ နယ်ချဲ့တို့သည် မြန်မာနိုင်ငံအား နှစ်ပေါင်းကြာရှည်စွာ ကျွန်ပြုအုပ်ချုပ် ခြယ်လှယ်နိုင်ရေးအတွက် မသမာသောနည်းများဖြင့် စီမံဆောင်ရွက်ခဲ့ကြသည်။ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာဓလေ့စရိုက်များကို အသေးစိတ် လေ့လာကာ အချင်းချင်း စိတ်ဝမ်းကွဲပြားစေမည့် ဇာတ်လမ်းများကို ဖော်ထုတ်ပြသလှုံ့ဆော်ပေးခဲ့ကြသည်။

နယ်ချဲ့တို့သည် တိုင်းရင်းသားညီအစ်ကိုအချင်းချင်းကို သွေးခွဲ၍ အုပ်ချုပ်ခဲ့ကြသည်။ တောင်တန်းဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားများနှင့် မြေပြန့်ဒေသတွင် နေထိုင်ကြသော သွေးချင်းများ မကူးလူးရ၊ မဆက်ဆံရ၊ မသွားရ၊ မလာရဟူ၍ နယ်ခြားဖြတ်သန်းရေး ဥပဒေကို ထုတ်ပြန်ကန့်သတ်ချုပ်ချယ်ခဲ့ကြသည်။ တောင်ပေါ်နှင့် မြေပြန့် မထိမတွေ့ မဆက်ဆံရသဖြင့် နယ်ချဲ့တို့အတွက် သွေးခွဲခြယ်လှယ်ခွင့်များစွာရခဲ့သည်။

မြန်မာနိုင်ငံကို ပြည်မနှင့်တောင်တန်းဒေသများဟူ၍ ဒေသနှစ်ခုခွဲ၍ အုပ်ချုပ်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသော တောင်တန်းဒေသများအား ခေတ်နောက်သို့ ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်စေခဲ့သည်။ ရခိုင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသ၊ ဟူးကောင်း တောင်ကြားဒေသ၊ သံလွင်ခရိုင်၊ ပြည်ထောင်စုအဖွဲ့ဝင် ပဒေသရာဇ် ရှမ်းပြည်နယ်များနှင့် ပြည်ထောင်စုအဖွဲ့ဝင်မဟုတ်သော ရှမ်းပြည်နယ်များဟူ၍ ထပ်မံခွဲခြားအုပ်ချုပ်ခဲ့သည်။

ကိုလိုနီနယ်ချဲ့တို့သည် ရှမ်းပြည်နယ်ကို အခြားနယ်များနှင့် မတူဘဲ တစ်သီးတခြား သတ်မှတ်အုပ်ချုပ်ခဲ့သည်။ အောက်မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော အုပ်ချုပ်ရေးစနစ်ကို မကျင့်သုံးဘဲ ရှမ်းပြည်နယ်တစ်ခွင် ရှမ်းစော်ဘွားများ၏ အာဏာကို ဆာနာဒ် အမိန့်ဖြင့် ထိန်းချုပ်ခဲ့ကြသည်။ ဆာနာဒ်(Sanad)အမိန့်သည် စော်ဘွားများကို ဗြိတိသျှနယ်ချဲ့တို့၏ လက်ပါးစေဘဝသို့ ကျဆင်းစေခဲ့သည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ ထိုအမိန့်အရ စော်ဘွားများသည် ဗြိတိသျှ အစိုးရက ခန့်ထားသော တောင်တန်းမင်းကြီး၏ ညွှန်ကြားချက်ကို လိုက်နာရန်ဖြစ်သည်။

ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးစ အချိန်ကပင် ရှမ်းပြည်နယ်ကို တစ်သီးတခြားခွဲ၍ အုပ်ချုပ်ခဲ့ကြခြင်း ဖြစ်သည်။ ထိုသို့ အသွင်မတူသည့် အုပ်ချုပ်ရေးစနစ်မျိုး ချမှတ်ခြင်းမှာ ဗြိတိသျှအစိုးရ၏ သွေးခွဲအုပ်ချုပ်ရေးဝါဒပင် ဖြစ်သည်။ ဗြိတိသျှတို့သည် ရှမ်းပြည်နယ်တစ်ခုတည်းကိုသာမက လူနေနည်းပါး၍ သွားလာမှုခက်ခဲသော ကချင်တောင်တန်းဒေသကိုလည်း သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ ကချင်တိုင်းရင်းသားတို့သည် ဗြိတိသျှတို့ ဝင်ရောက်သိမ်းပိုက်ခြင်းကို အပြင်းအထန်ဆန့်ကျင်ခုခံတိုက်ခိုက်ခဲ့ကြသဖြင့် ဗြိတိသျှတို့ အုပ်ချုပ်ရေးအတွက် အခက်ကြုံခဲ့ကြရသည်။ ကချင်တောင်တန်းဒေသများကို အုပ်ချုပ်ရန် တိကျသော အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေကို ၁၈၉၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ကြေညာခဲ့သည်။ ဗြိတိသျှနယ်ချဲ့တို့သည် လူဦးရေကျဲပါး၍ သွားလာရေးခက်ခဲသော ချင်းတောင်တန်း ဒေသ အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေကို ၁၈၉၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။

ဗြိတိသျှနယ်ချဲ့တို့သည် တောင်တန်းဒေသများကို သွေးခွဲအုပ်ချုပ်သည်သာမက ပြည်မအုပ်ချုပ်ရေးတွင်လည်း ကိုလိုနီအုပ်ချုပ်ရေးအာဏာ တည်မြဲစေရန် အသက်သွင်းပေးခဲ့သည်။ တနင်္သာရီတိုင်းတွင် တရားရေးနှင့် အခွန်ဌာနကို ဘင်္ဂလားပြည်နယ်အစိုးရက အုပ်ချုပ်၍ ကျန်ဌာနများကို ဘုရင်ခံချုပ်က တိုင်းမင်းကြီးခန့်၍ အုပ်ချုပ်သည်။ ပဲခူးတိုင်းကို ဘုရင်ခံချုပ်က တိုင်းမင်းကြီးခန့်၍ အုပ်ချုပ်သည်။ ရခိုင်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိုင်း၊ ခရိုင်များကို ဆက်လက်ဖွဲ့စည်း ထား၍ ပဲခူးတိုင်းတွင် ခရိုင် ၁၁ ခုကို ဖွဲ့စည်း အုပ်ချုပ်သည်။ ရန်ကုန်၊ ဟံသာဝတီ၊ ပြည်၊ သရက်၊ ဟင်္သာတ၊ ပုသိမ်၊ သုံးခွ၊ တောင်ငူ၊ ရွှေကျင်၊ ပဲခူးနှင့် သံလွင်ခရိုင်တို့ ဖြစ်သည်။

၁၈၉၇ ခုနှစ် ဧပြီလ ၉ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ်က ၁၈၆၁ ခုနှစ် အိန္ဒိယကောင်စီများဥပဒေပါ ဥပဒေပြုခွင့် ပြဋ္ဌာန်းချက်များသည် မြန်မာပြည်နှင့်လည်းသက်ဆိုင်ကြောင်း ကြေညာခဲ့သည်။

ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမျိုးရေးတို့တွင် နည်းမျိုးစုံဖြင့် သွေးခွဲ အုပ်ချုပ်ခဲ့ကြသည်။ နိုင်ငံရေးတွင် အုပ်ချုပ်ရေးစနစ်သစ်များနှင့် လူမျိုးရေးအဓိကရုဏ်းများကို သွေးခွဲလက်နက်အဖြစ် အသုံးပြုခြင်း၊ လွှတ်တော်တွင် လူမျိုးစုအမတ်များ ဖွဲ့စည်း၍ ယင်းအမတ်များဖြင့် သွေးခွဲမှုများပြုလုပ်ခြင်း၊ တိုင်းရင်းသားလူမျိုးများအပေါ် သီးခြားလွတ်လပ်သော ပြည်နယ်များထူထောင်ရန် လှုံ့ဆော်ခြင်းဖြင့် သွေးခွဲမှုများပြုလုပ်ခြင်း၊ မြန်မာ့နိုင်ငံရေးအဖွဲ့အစည်းများကို အုပ်ချုပ်ရေးရာထူးများဖြင့် သွေးခွဲခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

တောင်တန်းဒေသများကို နိုင်ငံရေးလုပ်ခွင့် မပေးခြင်းဖြင့် သွေးခွဲခဲ့သည်။ ဗြိတိသျှနယ်ချဲ့တို့သည် ပြည်မကို ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ

ကချင်တိုင်းရင်းသားနယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများနှင့် နယ်ချဲ့ဗြိတိသျှတပ်များ အကြိမ်များစွာ တိုက်ခိုက်ခဲ့ကြသည့် ဆဒုံးခံတပ်ကြီး။



(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

အစိုးရအက်ဥပဒေအရ ရွေးကောက်တင်မြှောက်သည့် အစိုးရက အုပ်ချုပ်၍ တောင်တန်းဒေသများကို ဘုရင်ခံကိုယ်တိုင်က အုပ်ချုပ်ခဲ့သည်။ တောင်တန်းသားတို့ ပြည်မနှင့်ပေါင်း၍ နိုင်ငံရေးလုပ်လျှင် “နယ်ခြားဒေသ ဖြတ်ကျော်မှု ချုပ်ကိုင်ရေးဥပဒေ”ဖြင့် ဖမ်းဆီးချုပ်နှောင်ခံရမည်ဖြစ်သည်။ သို့မဟုတ် မလိုလားအပ်သူအဖြစ် သတ်မှတ်၍ နယ်နှင်လည်း ခံရမည်ဖြစ်သည်။ ထိုစဉ်က တောင်တန်းနေတိုင်းရင်းသားတို့သည် နိုင်ငံရေးကို ပြည်မနှင့် ပေါင်း၍ ပုန်းလျှိုးကွယ်လျှိုးလုပ်ခဲ့ကြရသည်။

ထို့သို့ ဗြိတိသျှနယ်ချဲ့တို့က တိုင်းရင်းသားညီအစ်ကိုများနေထိုင်ရာ တောင်တန်းဒေသများတွင် သွေးခွဲအုပ်ချုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေသည့် တစ်ချိန်တည်းတွင် မျိုးချစ်တိုင်းရင်းသားခေါင်းဆောင်တို့ကလည်း နယ်ချဲ့တို့၏ လုပ်ရပ်ကို လက်မခံဘဲ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ တောင်တန်းဒေသများတွင် နယ်ချဲ့တို့အား ဦးဆောင်တိုက်ခိုက်ရာတွင် ထင်ရှားသော တိုင်းရင်းသားခေါင်းဆောင်များမှာ ကချင်တောင်တန်းဒေသတွင် ဖုံကန်ဒူးဝါ၊ ဗိုလ်ဖိုးစော၊ ဗိုလ်ထီ၊ မဂေါင်ဒူးဝါ၊ ချင်းတောင်တန်းဒေသတွင် ကြွန်ဘိခ်၊ ရွှေချိုဖြူမင်းသား၊ ဗိုလ်ခိုင်ကမ်း၊ ဦးဝမ်းသူးမောင်၊ ရှမ်းတောင်တန်း ဒေသများတွင် ထွက်လူ၊ လင်းပင်မင်းသား၊ ကျိုင်းတုံစော်ဘွား၊ ရပ်စောက်စော်ဘွား၊ မြင်စိုင်းမင်းသားတို့ဖြစ်ကြသည်။

နယ်ချဲ့တော်လှန်ရေးကာလများတွင် ထင်ရှားသူ တစ်ဦးမှာ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်ဖြစ်သည်။ နယ်ချဲ့တို့က ဦးအောင်မြတ်အား ၎င်းတို့၏ လက်အောက်သို့ ဝင်ရောက်ရန် နည်းမျိုးစုံဖြင့် စည်းရုံးသွေးဆောင်ခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ ဦးအောင်မြတ်သည် ဗြိတိသျှနယ်ချဲ့တို့ကို မှန်ကင်းတောင်တိုက်ပွဲ၊ ကောလင်းတိုက်ပွဲများတွင် ရှုပ်ရှုပ်ချွချွ တွန်းလှန်တိုက်ခိုက်နိုင်ခဲ့သည်။ ဦးအောင်မြတ်သည် သီပေါဘုရင်ထံတွင် ကွမ်းရေတော်ကိုင်အဖြစ် အမှုထမ်းခဲ့ပြီး ၁၈၈၁ခုနှစ်တွင် ဝန်းသိုစော်ဘွားအဖြစ် ခန့်အပ်ခြင်းခံရသည်။ ထိုအချိန်တွင် အသက် ၂၀ မျှသာ ရှိသေးသည်။ ၁၉၆၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် တောင်ကြီးမြို့၌ ကွယ်လွန်ခဲ့သည်။

နယ်ချဲ့တို့သည် ပင်လုံစာချုပ် ချုပ်ဆိုရေးတွင်လည်း ဝင်ရောက်သွေးခွဲ ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဖဆပလအဖွဲ့မှ ကိုယ်စားလှယ်များ မြန်မာ့ လွတ်လပ်ရေးအတွက် ဆွေးနွေးရန် အင်္ဂလန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ထိုဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က လွတ်လပ်ရေးဆိုရာ၌ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ ရခိုင်စသော နယ်ခြားဒေသအားလုံး တစ်ပြိုင်နက် လွတ်လပ်ရေးကိုဆိုလိုကြောင်း ပြောဆိုခဲ့သည်။

ဗြိတိသျှတို့က “တောင်တန်းသားများသည် မြန်မာပြည်မနှင့်ပေါင်းရန် ဆန္ဒမရှိသေး”ဟု နားလည်ထားသောကြောင့် ထိုကိစ္စနှင့်ပတ်သက်၍ တောင်တန်းသားများ၏ ဆန္ဒအမှန်ကို လေ့လာမည့် စုံစမ်းရေးကော်မတီဖွဲ့၍ ဆောင်ရွက်သင့်သည်ဟု တင်ပြခဲ့သည်။ ထိုသဘောမှာ တောင်တန်းဒေသများကို လွတ်လပ်ရေးမပေးသေးဘဲ ၎င်းတို့လက်အောက်တွင်ထားရှိပြီး ပြည်မနှင့် သွေးခွဲထားရေးပင်ဖြစ်သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်တွင် ဆွေးနွေးနေစဉ် ဗြိတိသျှတို့၏ ဆင်ကွက်ဖြင့် ရှမ်းစော်ဘွားအချို့က ထိုအဖွဲ့သည် သူတို့၏ ရှမ်းပြည်နယ် ကိုယ်စားလှယ်များ မဟုတ်ဟူ၍ သံကြိုးစာပို့သည်။ ထိုသံကြိုးစာကို ချေဖျက်လျက် ရှမ်းပြည်နယ် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်က ၎င်းအဖွဲ့သည် တိုင်းရင်းသား ပြည်သူများ၏ ကိုယ်စားလှယ် ဖြစ်ကြောင်း၊ အပြည့်အဝ ထောက် ခံကြောင်း သံကြိုးစာ ပြန်လည် ပေးပို့လေသည်။

ဗြိတိသျှတို့သည် ပင်လုံညီလာခံ မအောင်မြင်ရေးအတွက် နှောင့်ယှက် သွေးခွဲခဲ့သော်လည်း ထင်တိုင်းမပေါက်ခဲ့ပေ။

နယ်ချဲ့ဗြိတိသျှတို့သည် မူးယစ်ဆေးဝါးဖြင့်လည်း သွေးခွဲခဲ့သည်။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးအစ နယ်ချဲ့ဗြိတိသျှတို့ကဟုဆိုရ မည်ဖြစ်သည်။ ဗြိတိသျှနယ်ချဲ့တို့သည် မူးယစ်ဆေးဝါးဖြင့် အမျိုးသားရေး စိတ်ဓာတ်ကို ချိုးနှိမ်၍ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အဖျက်လက်နက်အဖြစ် အသုံးချခဲ့သည်။ မြန်မာနိုင်ငံ နယ်စပ်ဒေသ တိုင်းရင်းသားများ ဘိန်းစတင်စိုက်ပျိုးတတ်လာကြ စေရန်နှင့် ဘိန်းသုံးစွဲတတ်လာအောင် ဖန်တီးခဲ့သည်။ မြန်မာနိုင်ငံအနှံ့ ဘိန်းရုံခန်းများ ဖွင့်ပေးခဲ့သည်။

အုပ်ချုပ်ရေးအပိုင်းတွင် လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုအစဉ်အလာ၊ ပထဝီအနေအထားအရ တောင်တန်းဒေသများကို ပြည်မမှခွဲထွက်စေခြင်း၊ တောင်တန်း ဒေသများကို ပဒေသရာဇ်ပုံစံအတိုင်း လူမျိုးရေးဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်း၍ အုပ်ချုပ်ခြင်း၊ ရွေးကောက်ပွဲများတွင် လူမျိုးစုကိုအခြေပြု၍ ရွေးကောက်ခြင်း၊ ဗြိတိသျှ–မြန်မာစာချုပ်များတွင် လူမျိုးစုသီးခြားပြည်နယ်များ ထူထောင်ရေးအချက်အလက်များ ထည့်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံသည် ဘန်ဒေါင်းညီလာခံမှ ချမှတ်ခဲ့သော တစ်နိုင်ငံ၏ ပိုင်နက်နယ်မြေ တည်တံ့ရေးနှင့် အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှုမပြုလုပ်ရန်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုလုပ်ရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူမှုရှိရန်နှင့် နှစ်ဦးနှစ်ဝအကျိုးဖြစ်ထွန်းရန်၊ နိုင်ငံများအကြား ပေါ်ပေါက်သည့် ပြဿနာများကို ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်းရန်ဟူသော မူများနှင့်အညီ နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည်။ သို့ရာတွင် အနောက်အုပ်စု နိုင်ငံကြီးအချို့သည် မြန်မာနိုင်ငံအပေါ် မတရားခြယ်လှယ်လွှမ်းမိုးလိုသော ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်လျက်ရှိသည်။ အမျိုးသား သစ္စာဖောက်များ၊ ပြည်တွင်းပုဆိန်ရိုးများကိုလည်း နည်းမျိုးစုံဖြင့် အားပေးကူညီခြင်း၊ သွေးထိုးမြှောက်ပင့်ပေးခြင်းတို့ဖြင့် ပြည်တွင်း မငြိမ်မသက်မှုများ ပေါ်ပေါက်လာအောင် စီမံလုပ်ဆောင်ခဲ့သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီး နှစ်ပေါင်းများစွာတိုင်အောင် ကိုလိုနီ နယ်ချဲ့တို့၏ ပြည်မတောင်တန်း ခွဲခြားအုပ်ချုပ်ခဲ့ခြင်း၊ တိုင်းရင်းသားများ အချင်းချင်းအပေါ် သွေးခွဲခဲ့ခြင်းတို့ကြောင့် တောင်တန်းဒေသများသည် ဖွံ့ဖြိုးမှုနောက်ကျခဲ့ကြရသည်။ တောင်တန်းဒေသအပါအဝင် နယ်စပ်ဒေသများနှင့် ပြည်မတို့ လမ်းပန်းဆက်သွယ်မှုပြတ်တောက်ခဲ့သဖြင့် တိုးတက်မှုနောက်ကျ ခဲ့ကြရသည်။ တိုင်းရင်းသားညီအစ်ကိုများ အချင်းချင်း ကူးလူးဆက်သွယ်ခြင်း မပြုနိုင်ခဲ့သဖြင့် တစ်ဦးပေါ်တစ်ဦး သံသယပွား အထင်မှားကာ ရန်သူကြီးများသဖွယ် ဖြစ်ခဲ့ရသည်။ ထို့ပြင် နယ်ချဲ့တို့၏ မူးယစ်ဆေးဝါးမှိုင်းတိုက်မှုကြောင့် တောင်တန်းဒေသများ၊ နယ်စပ် ဒေသများနေ တိုင်းရင်းသားများသည် မူးယစ်ဆေးဝါး၏ ကျေးကျွန်များ ဖြစ်ခဲ့ကြရသည်။

အဆိုးဆုံးမှာ နယ်ချဲ့တို့၏ သွေးခွဲမှုကြောင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း စည်းလုံးညီညွတ်မှု အင်အားများ ကျဆင်းကာ ပြည်ထောင်စုစိတ်ဓာတ်များ ပျက်ယွင်းလာကြသဖြင့် တိုင်းပြည် ချောက်ကမ်းပါးသို့ကျပြီး လွတ်လပ်ရေးဆုံးရှုံးရမည့် အရေးကို အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရသည်။ ၎င်းတို့သည် သမိုင်းသင်ခန်းစာများပင်ဖြစ်သည်။ ထို့ကြောင့် မည်သည့်ခေတ်၊ မည်သည့်ကာလတွင်မဆို နယ်ချဲ့အပါအဝင် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ သွေးခွဲမှုအန္တရာယ်ကို အမျိုးသားရေးသတိ အစဉ်သိရှိပြီး တိုင်းရင်းသားညီအစ်ကိုများအားလုံး ပြည်ထောင်စုစိတ်ဓာတ်ခိုင်ကျည်မြဲမြံနေရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နယ်ချဲ့ဗြိတိသျှတို့သည် တောင်တန်း ပြည်မ သွေးခွဲရန် ရည်ရွယ်ချက်ဖြင့် ချင်းတိုင်းရင်းသားကိုယ်စားလှယ်နှင့် ကန်ပက်လက်တွင် တွေ့ဆုံဆွေးနွေးရာမှ ချင်းတိုင်းရင်းသားတို့၏ တောင်းဆိုချက်ကို ဗြိတိသျှတို့ မလိုက်လျောသဖြင့် ချင်းတိုင်းရင်းသား ၃၀၀၀ကျော်က ဤနေရာတွင် ဝိုင်းဝန်းဆန္ဒပြခဲ့ကြသည်။

နယ်ချဲ့တို့၏ အမွေဆိုးဖြစ်သည့် မူးယစ်ဆေးဝါးကို ဖယ်ရှားချုပ်ငြိမ်းစေခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့တွင် မူးယစ်ဆေးဝါး ပပျောက်ရေးအထိမ်းအမှတ် ပြတိုက်ကြီးကို ဤသို့ ခံ့ညားထည်ဝါစွာ တည်ဆောက်နိုင်ခဲ့သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွယ်ဆန်ဆောဒေသ ဆန်ဆုပ်တောင်ကြော၌ နယ်ချဲ့တို့၏ အမွေဆိုးဖြစ်သည့် ဘိန်းစိုက်ပျိုးခင်းဧက ၁၀၀၀ ကို ဒေသခံတိုင်းရင်းသားများက ဤသို့ ဖျက်ဆီးခဲ့ကြသည်။

30-1 (9).p65 1 3/26/05, 12:26 AM

သွေးခံအိတ်များလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၉

Korea International Co.-Operation Agency(KOICA) က ငွေကျပ် သိန်း၄၀ခန့် တန်ဖိုးရှိ သွေးခံအိတ်၁၀၀၀ကို ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ ယမန်နေ့ ညနေ ၃ နာရီက လာရောက်လှူဒါန်းရာ KOICA မှ Ms. Sook-hee-Baek က သွေးခံအိတ် လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး သွေးခံအိတ်များကို လှူဒါန်းရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန အတွက် ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွန်းက လက်ခံရယူကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

မဟာ တေဇာဓိပတိ သဒ္ဒါစေတနာ တငြိမ့်ငြိမ့်

ရတနာစည်ဆရာတော် (လှိုင်လင်)

(ယမန်နေ့ကအဆက်)

(ဃ)

နောက်တစ်ရက်ကားပွဲတော်ကြီးရက်ဖြစ်၏။ ၈-၁၂-၂၀၀၃ (၁၃၆၅ နတ်တော်လပြည့်) မင်္ဂလာရက်မြတ်ဖြစ်ပါသည်။

ယမန်နေ့ကတည်းက ရန်ကုန်မြို့မှ ရောက်ရှိလာကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်ကြီးများသည် ယနေ့နံနက် ၆နာရီ ၃၆မိနစ်တွင် မဟာတေဇာဓိပတိစေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်တော်အတွင်း စံပယ်တော်မူလျက်ရှိသည့် ဘဒ္ဒကမ္ဘာပွင့်တော်မူပြီး ဗုဒ္ဓရုပ်ပွားတော်လေးဆူတို့အား ရွှေကြာသင်္ကန်းနှင့် ဆွမ်း၊ကွမ်း အပြည့်အစုံပါရှိသော မြသပိတ်တော်တို့ကို ဆက်ကပ်လှူဒါန်းကြပုံ ဒါနမှတ်တမ်းမှာ ဤသို့ ဖြစ်၏။

* **အရှေ့ဘက်မုခ် ဗုဒ္ဓရုပ်ပွားတော်အား ဦးဆောင်ဘုရားဒါယကာကြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း။**
* **တောင်ဘက်မုခ် ဗုဒ္ဓရုပ်ပွားတော်အား အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့။**
* **အနောက်ဘက်မုခ် ဗုဒ္ဓရုပ်ပွားတော်အား အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း။**
* **မြောက်ဘက်မုခ် ဗုဒ္ဓရုပ်ပွားတော်အား ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း။**

ယင်းသို့ ဘုရားဒါယကာများက ဂန္ဓကုဋိတိုက်အတွင်း ဒါနရွှေအက္ခရာများ သွန်းထုနေစဉ်အတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ယမန်နေ့က ကြွရောက်တော်မူလာသည့် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသီရိ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ပါးတို့အား မဟာတေဇာဓိပတိစေတီတော် တောင်မျက်နှာအရပ်ရှိ ဓမ္မာရုံကြီးသို့ ယာဉ်များဖြင့်ပင့်ဆောင်ကာ ထိုမှတစ်ဆင့်စေတီတော်ဂန္ဓကုဋိတိုက်အတွင်း ပင့်ဆောင်ရန် သက်ဆိုင်ရာတို့က စီစဉ်နေကြပါသည်။

နာရီအားဖြင့် ၇နာရီခွဲခန့် ရှိနေပြီဖြစ်၍ အရှေ့ဘက်၌ နေဝန်းကြီး ပေါ်ထွန်းလာပြီဖြစ်ရာ ယင်းနေဝန်းကြီးကို ဖြူလွလွနှင်းပွင့်များက ထုထုထဲထဲ ဖုံးနေသောကြောင့် နှင်းပွင့်ထဲမှနေဝန်းသည် လဝန်းသဖွယ်ဖြစ်လျက်ရှိလေ၏။ ပုံမှန်အားဖြင့် နေလုံးတက်လာသည်နှင့်ပြင်းစူးသောနေရောင်ခြည်ကြောင့် နေလုံးကို တာရှည်စူးစိုက်ကြည့်ရန် မဖြစ်နိုင်သော်လည်း ယနေ့နံနက်တွင်မူ ဆရာတော် အတော်များများအဖို့ နှင်းပွင့်ထဲဝယ် လဝန်းသဖွယ်ဖြစ်တည်နေသော နေဝန်းကို အချိန်အတော်ကြာကြာ စူးစိုက်ကြည့်နေမိပါသည်။

ဤတွင် ဆရာတော်များအကြား စကားဝိုင်းလေးတစ်ခုဖြစ်ပေါ်လာလေ၏။

"နေဝန်းက လဝန်းကြီးလိုပါလား"

"ဟုတ်ပါ့ဘုရား၊ နှင်းတွေမကွဲမချင်း နေက လဖြစ်နေမှာပဲ"

"ဒါဆိုရင် သတင်းစာထဲမှာပါတဲ့ ရုပ်ရှင်ဇာတ်ကားလိုပေါ့၊ နေကမွေးတဲ့ လပေါ့"

"မဟုတ်ဘူး ဘုရာ့၊ ခုဟာက နေကိုယ်တိုင် လဖြစ်သွားတာပါ၊ ဒါကြောင့် လဖြစ်သွားတဲ့နေပါ ဘုရား"

ဤတွင် အခြားဆရာတော်တစ်ပါးက စကားဝိုင်းထဲဝင်လာ၏။

"ဘာတွေတုံး၊ နေကမွေးတဲ့လတို့၊ လဖြစ်သွားတဲ့နေတို့"

"မှန်ပါ၊ ဟိုအရှေ့က နေဝန်းကြီးကြည့်ပြီး ပြောနေကြတာပါ ဘုရား"

"အေး ဟုတ်ပါ့၊ နေဝန်းနီမဟုတ်ဘဲ နေဝန်းဝါဖြစ်နေတာ အမှန်ပဲ" ဒါဟာ ထူးခြားမှုတစ်ခုဖြစ်လို့ အမှတ်တရစာဖွဲ့သင့်တယ်"

"မှန်တယ် ဘုရာ့၊ စာတော့ဖွဲ့သင့်တယ်၊ ဒါပေမယ့်ပီပီပြင်ပြင်ဖွဲ့ဖို့တော့ မလွယ်ဘူး။ နေဝန်းရော၊ နှင်းပွင့်ရော၊ တောင်တန်းရော၊ ဘုန်းကြီးတွေရော၊ လူတွေရော၊ ဘုရားပွဲရော ဆိုတော့"

အခြားဆရာတော်တစ်ပါးကဝင်ပြီး စကားဝိုင်းကို နိဂုံးအုပ်လိုက်၏။

"အို-အရှင်ဘုရားတို့ စာဖွဲ့မနေကြပါနဲ့တော့၊ တကယ်တော့ ဒီနေ့ရဲ့ဒီပွဲဟာ ညွှန်းစာဖွဲ့လို့မမီပါ ဘုရား"

ရယ်မောသံ ခပ်အုပ်အုပ် ထွက်ပေါ်လာလေ၏။

ယင်းလျှပ်တစ်ပြက်စကားဝိုင်းလေးက ယနေ့ဆရာတော်များသည် သတင်းစာများဖတ်တတ်ကြသဖြင့် သတင်းလောကကို ခြုံငုံနိုင်ကြသည်ဟူ၍ ထင်ဟပ်ထား၏။ ယနေ့သတင်းစာများသည် ယနေ့မြန်မာနှင့်ယနေ့ကမ္ဘာကိုပီပြင်စွာထင်ဟပ်နိုင်စွမ်း ရှိနေသောကြောင့် "တစ်ရက်မဖတ်ဖြစ် တစ်ခေတ် ထပ်နောက်ကျ" အခြေအနေသို့ ရောက်ရှိနေသည် အမှန်ဖြစ်၏။ ယနေ့ မြန်မာ၏ အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်လာသော သတင်းများအပေါ် မေတ္တာဗြဟ္မစိုရ်၊ မုဒိတာဗြဟ္မစိုရ်တို့ကို လည်းကောင်း၊ ယနေ့ကမ္ဘာ၏အင်အားသုံးမှုကြောင့် ဖြစ်ပွားနေရသော လူမှုဒုက္ခသတင်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် တွေ့ကြုံနေရသော လူမှုဒုက္ခသတင်းများအပေါ် ကရုဏာဗြဟ္မစိုရ်ကိုလည်းကောင်း သတင်းစာဖတ်ရင်းပွားများနိုင်ကြ၏။ ထို့ပြင် သတင်း၏အရင်းခံအကြောင်းတရားကိုရှာဖွေရင်း ကြောင်းကျိုးဆက်ဒဿနအမြင် ရှင်သန်နိုးကြားကြရ၏။ ထို့မှတစ်ပါး "ယနေ့မြန်မာသည်မနေ့ကမြန်မာမဟုတ်တော့ပေ"ဟူသော အင်အားများ တိုးပွားရ၏။ ယနေ့မြန်မာ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး ဘက်စုံထောင့်စုံ ကဏ္ဍစုံ အဟုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်လာသော သတင်း၊ ကိန်းဂဏန်း၊ ဓာတ်ပုံ အဖုံဖုံတို့နှင့် သာသနာရေး စည်ပင်ပြန့်ပွားပုံအဖုံဖုံ တည်းဟူသော သတင်းရနံ့သင်းပျံ့ လေအေး၊ ရှင်းသန့်လေအေးများကို အားပါးတရ ရှူရှိုက်ရသောကြောင့် ရင်တွင်းအား၊ကိုယ်တွင်းအား တိုးပွားသန်မာလာရ၏။ ထို့မှတစ်ပါး စာအုပ်စာပေ၊ ကြော်ငြာများ၊ ရုပ်ရှင်ဗီဒီယိုကြော်ငြာများ စသည့် ကြော်ငြာမျိုးစုံတို့ကို တစ်ထိုင်အတွင်းသိမြင်နိုင်ကာ အဆုံးစွန်ပြောရလျှင် နာရေးကြော်ငြာများက လူ့လောဘ၊ လူ့ဒေါသ၊ လူ့မာနတွေကို ခဝါချပေးလျက် ရှိနေလေ၏။

ထို့ကြောင့် သတင်းစာသည် 'အင်အား'၊ 'ဗြဟ္မစိုရ်'၊ 'သံဝေဂ' သုံးမျိုးကို ဆောင်ကြဉ်းကာ ဖတ်သူ၏မျက်လုံးမှ တစ်ဆင့် နှလုံးသားကိုဖြတ်သန်းသော အလင်းတန်းစစ်စစ်ဖြစ်လေ၏။ ထို့ကြောင့် ဆရာတော်ကြီးများ သတင်းစာဖတ်ကြ၏။ ကြော်ငြာမှအစ သိကြ၏။

သို့ဖြင့် သံဃာပင့်ဆောင်ရေးတာဝန်ခံတို့က သံဃာ ၁၀၈ ပါးကို စေတီတော်ဂန္ဓကုဋိတိုက်တွင်းသို့ ပင့်ဆောင်၍ သံဃာတော်အသီးသီး သီတင်းသုံးပြီးသော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား စလေတော့၏။

(င)

အစီအစဉ်အရ နမောတဿဖြင့် အခမ်းအနားဖွင့်၊ နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက စောင်း ဦးစိုးဝင်းနှင့်တွဲဖက်၍ ထူးမခြားနားသီချင်းခန့်ဖြင့် ပူဇော်၊ ဦးဆောင်ဘုရားဒါယကာကြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းအမှူးပြုသော ပရိသတ်ကသြကာသကန်တော့ချိုးဖြင့် ညီညာဖြဖြကန်တော့ကြပြီး အင်းလေး ရွှေဘုံသာဆရာတော်ကြီးထံမှကိုးပါးသီလခံယူဆောက်တည်၊ဥပါသကာများက ပရိတ်ပန်း ပရိတ်ရေစသည် ဆက်ကပ်၊ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်မေတ္တာထုံမွမ်း၊ ဥပါသကာများက ပရိတ်ပန်း ပရိတ်ရေစသည်ယူဆောင်၍ စေတီရင်ပြင်၌ ပက်ဖျန်းပြီးသော် ဘုရားဒါယကာများက စေတိယ သမ္ဗုဒ္ဓနှင့် ဒါနဒါတဗ္ဗတို့ကို သာဟတ္ထိကလှူဒါန်းကြသည့် ဒါနမှတ်တမ်းမှာ ဤသို့ဖြစ်၏။

* **ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့က စိန်ဖူးတော်၊အထက်ဌာပနာ၌ သွင်းလှူပူဇော်မည့် ရုပ်ပွားတော်၊ ပရိက္ခရာရှစ်ပါး။**
* **အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့က ငှက်မြတ်နားတော်၊ ပရိက္ခရာရှစ်ပါး။**
* **အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ကကုသန်ဆင်းတုတော်၊ ငွေပဒေသာပင်တော်၊ ပရိက္ခရာရှစ်ပါး။**
* **ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဇနီး ဒေါ်ခင်နှင်းဝေတို့က ကောဏာဂုံဆင်းတုတော်၊ ငွေပဒေသာပင်တော်၊ ပရိက္ခရာရှစ်ပါး။**
* **ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က ကဿပဆင်းတုတော်၊ ငွေပဒေသာပင်တော်၊ ပရိက္ခရာရှစ်ပါး။**
* **တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနုတို့က ဂေါတမ ဆင်းတုတော်၊ ငွေပဒေသာပင်တော်၊ ပရိက္ခရာရှစ်ပါး။**
* **ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ပရိက္ခရာရှစ်ပါး။**

ယင်းပုညကောင်းမှု အစုစုတို့အတွက် ပြည်ဇောတိကာရုံဆရာတော်ကြီးက အနုမောဒနာနှင့် ရေစက်ချတရားချီးမြှင့်ပြီး ပရိသတ်အားလုံးက တစ်ပြိုင်နက် အမျှပေးဝေကြရာ သာဓုခေါ်သံ၊ မိုးနဘံ၊ ညံညံရိုက်ဟည်းသွားလေ၏။

ကုသိုလ်ပုည ဖို့ဘာဂ အမျှဝေပြီးသောအခါ(ကက-ပံ့) ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေးက တာဝန်ခံဗိသုကာပညာရှင် ဗိုလ်မှူးထွန်းထွန်းအား လက်ဆောင်ပစ္စည်း ပေးအပ်ခြင်း၊ ဗိုလ်မှူးထွန်းထွန်းက ဘုရားဒါယကာများထံ စေတီတော်နှင့် သာသနိကအဆောက်အအုံတို့ကို ပြန်လည်အပ်နှံခြင်း၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သမ္မာဒေဝနတ်မြတ်များသို့ တောင်းပန်လွှာဖတ်ကြားခြင်းတို့ဖြင့် စေတီတော်တည်ထားကိုးကွယ်ရေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ဖွယ်အလုံးစုံကို အကုန်အစင် ဆောင်ရွက်ကြကုန်၏။

ထိုမှနောက်တွင်မူဦးဆောင်ဘုရားဒါယကာကြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက စိန်ဖူးတော်ကို လည်းကောင်း၊ ဇနီးဒေါ်မြမြစန်းက ငှက်မြတ်နားတော်ကိုလည်းကောင်း ဦးဆောင်၍ ပင့်ဆောင်ကြကာ သာသနာ့အလံကိုင်အဖွဲ့၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များ ခြံရံလျက် စေတီတော်အား လက်ယာရစ်လှည့်လည် ပူဇော်သောအခါ ဒေသခံများအဖို့ တစ်သက်တစ်ကြိမ် ကြုံရခိုက်ဖြစ်၍ တိုးဝှေ့ကြည့်ရှုကြသည်မှာ ရင်ပြင်ကျယ်၌ ခြေတစ်ကွက်စာပင် ကျပ်နေလေ၏။ နိုင်ငံကျော် အဆိုတော် ဦးထွန်းရွှေ၏ ဓမ္မပူဇာတေးသံ၊ မင်္ဂလာစည်တော်အဖွဲ့၏ အောင်စည်အောင်မောင်းသံ၊ တိုင်းရင်းသားရိုးရာ အတီးအမှုတ်အဖွဲ့များ၏ ဂါရဝတေးသံ၊ ဓမ္မတေးသံ၊ တေးသံအစုံစုံ သဒ္ဒါရုံအသံလွှင့်ထက်အမြင့် အဇေ္ဇာ ဝတိ သာစုဋ္ဌာမဏိ နတ်ဘုံအထိ ပျံတက်သွားယောင်ပါပင်။

အထက်ဌာပနာတော်များ သွင်းလှူပူဇော်ခြင်း၊အရံစေတီ ရွှေထီးတော်များတင်လှူပူဇော်ခြင်းတို့နှင့်တကွ နံနက် ၈ နာရီ မိနစ်၃၀ ၂၅စက္ကန့် မင်္ဂလာအချိန်တွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့က ငှက်မြတ်နားတော်ကိုလည်းကောင်း၊ ဆည်းလည်းပဒေသာ ရွှေကြာသင်္ကန်းတော် သာသနာ့ အောင်လံတော်တို့ကိုလည်းကောင်း၊စိန်ဖူးတော်ကိုလည်းကောင်း၊တပ်မတော် (လေ)မြလေယာဉ်ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံပေါ် သုံးကြိမ်သုံးကျော့တင်လှူပူဇော်ကြ၍ စေတီတော်ငြိမ်းထက်၌ တက်ရောက်နေရာယူထားကြသည့် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက အစီအစဉ်အတိုင်း စေတီတော်အား ဆက်ကပ် တပ်ဆင်တင်လှူပူဇော်ကြပြီးသော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြခြင်း၊ သာသနာရေးဦးစီးအရာရှိ ဦးသူရက အမျှဝေစာတမ်းဖတ်ကြားခြင်း၊ အခမ်းအနားမှူး ဦးမင်းကြည်က နတ်များကို ပြန်လည်ပို့ဆောင်ခြင်းနှင့် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းခြင်းတို့ဖြင့် ရွှေထီးတော်တင်မဟာမင်္ဂလာ အခမ်းအနား အောင်မြင်စွာ ပြီးမြောက်လေ၏။

ထိုမှတစ်ဆက်တည်း ပင့်သံဃာတော် ၁၀၈ပါး တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်း၊ ဂန္ဓကုဋိတိုက်အတွင်း၌ ဆွမ်းဆက်ကပ်ခြင်း ပြုပြီးသော် မဟာတေဇာဓိပတိစေတီတော်ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ဦးဆောင်ဘုရားဒါယကာကြီး ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ရတနာ ရွှေမိုးငွေမိုး ရွာသွန်းလေ၏။

ရွှေမိုးငွေမိုး စွေစွေဖြိုး ကောင်းကျိုးသီးပွင့် ဝင့်လေပြီ။

(စ)

နိုင်ငံတော်အစိုးရ၏ စေတနာ၊ ဆရာတော် သံဃာတော်တို့၏မေတ္တာ၊ သာသနာတော်၏ ဘုန်းတေဇာတို့ကြောင့် မြန်မာနှင့်သာသနာ၊ သာသနာနှင့် မြန်မာ ကမ္ဘာတည်သမျှ ထာဝရနိစ္စ ခိုင်ကျည်နေမည်သာ ဖြစ်ပါသတည်း။ ။

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၉

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ ၃၀ နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲ၊ပညာရည်ချွန်ဆုပေးပွဲအားကစားနှင့်အနုပညာထူးချွန်ဆုပေးပွဲကိုဖေဖော်ဝါရီ၈ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ကျင်းပမည်ဖြစ်ရာအသက်၇၅နှစ်နှင့်အထက်ကန်တော့ခံ အသင်းဝင်အဘိုးအဘွားများကြွရောက်အပူဇော်ခံရန်နှင့် အသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သားများတက်ရောက်ကြရန် ဖိတ်ကြားထားသည်။

၂၀၀၃ ခုနှစ်အတွင်း အသင်းဝင်သားသမီးများမှ တက္ကသိုလ်အသီးသီးတွင်ဂုဏ်ထူးဖြင့် ဘွဲ့ရရှိကြသော ကျောင်းသားကျောင်းသူများ၊ရန်ကုန်မှ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများ၏ စာရင်းများကို အထောက်အထားများနှင့်တကွ ဒုတိယဗိုလ်မှူးကြီး အေးသန်းထွန်း (ငြိမ်း) (ဖုန်း-၆၆၂၅၁၈)၊ ဦးတင်ညို (ဖုန်း-၂၄၀၅၀၆) ဒုတိယဗိုလ်မှူးကြီး တင်ကြိုင် ဖုန်း-၆၈၀၉၁၃နှင့်၇၂၄၇၈၉ ဦးညိုမြင့်မောင် ဖုန်း-၇၂၇၉၅၃ တို့သို့ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၃၀-၁-၂၀၀၄(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀	၆။	အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၂၀	၅။	အဆို၊အက၊အရေး၊အတီး
၄း၃၀	၆။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၀	၇။	မျိုးချစ်တပ်မတော်
၄း၅၀	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(အင်္ဂလိပ်စာ) (ခ)တတိယနှစ်(ပထဝီဝင်)
၅း၃၀	၁၀။	ပညာခေတ်
၅း၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	မြန်မာ့ရှုခင်း
၆း၄၀	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစုး မယ့်ရွှေနဖူးစာ"** အပိုင်း (၂)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုပုနှင့်သောင်းချမ်"** အပိုင်း (၂၆)

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာပြပွဲ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းလှည့်လည်ကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၂၉

တတိယအကြိမ် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park၌ နဝမနေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပသည်။ ယင်းပြပွဲသို့ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ပြည်သူများက IT နည်းပညာကို စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြရာ အထူးစည်ကားလှသည်။

လှည့်လည်ကြည့်ရှု

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ညနေ ၅နာရီ ၁၅မိနစ်တွင် MICT Park သို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ MICT DC ဒါရိုက်တာ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် Forever Group ၏ MM Box ပြခန်းနှင့် Myanmar e-book ပြခန်းအတွင်း လှည့်လည်ကြည့်ရှုရာ Forever Group မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းမော်က လည်းကောင်း၊ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြခန်းကို လှည့်လည်ကြည့်ရှုရာ တာဝန် ရှိသူများကလည်းကောင်း၊ForeverGroup၏ Multi Media Software Development ပြခန်းကို လှည့်လည်ကြည့်ရှုရာ မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းမော်က လည်းကောင်း၊ MCC ပြခန်းကို လှည့်လည်ကြည့်ရှုရာ MCC အမှုဆောင် အရာရှိချုပ် ဦးတင်ဝင်းအောင်က လည်းကောင်း၊ Cytron Computing ပြခန်းရှိ Bagan@a Galance CD Rom နှင့် စပ်လျဉ်း၍ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွန်းဖေက လည်းကောင်း၊ Bagan Cybertech ပြခန်းကို လှည့်လည် ကြည့်ရှုရာ ဒါရိုက်တာ ဦးကျော်ကျော်မိုးက လည်းကောင်း လိုက်လံ ရှင်းလင်းပြသကြပြီး ဝန်ကြီးသည် အခြားပြခန်းများကိုလည်း လှည့်လည်ကြည့်ရှုကာ ည ၆ နာရီခွဲတွင် ပြန်လည်ထွက် ခွာသွားသည်။

ဖွင့်လှစ်

ပြပွဲတွင် ကုမ္ပဏီများကပြခန်းများ၌ ခင်းကျင်း ရောင်းချလျက်ရှိရာ Myanmar Online (Modins) Web Solutionsပြခန်းမှအင်တာနက်ပေါ်သို့ စီးပွားရေးလုပ်ငန်းနှင့် သတင်းအချက် အလက်များ၊ Website ရေးသားပေးခြင်း၊ Domain Name ရယူပေးခြင်း၊ e-Commerce Website ရေးသားပေးခြင်း၊ i-card သင်တန်းများ၊ Internet & ICT သင်တန်းများ၊ IT & SMEသင်တန်းများကို ဖွင့်လှစ်လျက်ရှိသည်။

VCT Group မှ Personal Computer (Tower/Sum/Desktop. Type) များနှင့် Networking နှင့် နီးနွယ်သော Server/Work station များနှင့် SLIM Type Personal Computer များကို စတင်တင်သွင်းရောင်းချလျက်ရှိသည်။

High Point Sales Center ပြခန်းတွင်IT နည်းပညာနှင့် ဆက်စပ်သော ပစ္စည်းများ၊ Canon Printers ၊ Scanners နှင့် Projector တို့ကိုပြသထားပြီး Printer များနှင့် ပတ်သက်၍ Cartridge များ၊ လေဆာ Tonerများကို ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

တတိယအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲတွင် ပြသထားသော ပြခန်းများကို ပြည်သူများ စည်ကားစွာလေ့လာကြည့်ရှု အားပေးကြစဉ်။ (သတင်းစဉ်)

အသုံးပြု၍ ရောင်းဝယ်လိုသောကုန်ပစ္စည်းများ မိမိနေအိမ်မှ ရောင်းဝယ်နိုင်ပြီး ခေတ်မီလုံခြုံစိတ်ချရပြီး တုပမပျက်စီးနိုင်သော ဝန်ထမ်းကတ်များ၊ ဝန်ထမ်းလစာပေး Software များနှင့် ခေတ်မီဆန်းပြားသော Valentine Card များကို ရောင်းချပေးလျက်ရှိသည့်အပြင် အင်တာနက် နည်းပညာ သင်ကြားလိုသူများအတွက် အခြေခံမှ Webmaster ထိ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ပြပွဲတွင် ပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြေးဆွဲပေး

ပြပွဲကို ရက်တိုးမြှင့် ၍ ဇန်နဝါရီ ၃၁ ရက်(စနေနေ့) အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅ နာရီအတွင်း ပြည်သူများအား အခမဲ့ ဖွင့်လှစ်ပြသထားပြီး ပြပွဲလာပြည်သူများ သွားလာမှု လွယ်ကူစေရန် လွန်းပျံယာဉ်များကို အခမဲ့ ပြေးဆွဲပေးလျက်ရှိသည်။ **(သတင်းစဉ်)**

မေတ္တာစမ်းရေမဂ္ဂဇင်းကလေးပန်းချီကဏ္ဍ ပန်းချီများရေးဆွဲပေးပို့နိုင်

ရန်ကုန် ဇန်နဝါရီ ၂၉

၂၀၀၄ခုနှစ် ဧပြီလတွင်ထုတ်ဝေမည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အတွဲ(၁)၊ အမှတ်(၃)၌ ကလေးများရေးဆွဲသည့် ပန်းချီများဖော်ပြရန်ရှိရာ စိတ်ပါဝင်စားသော ကလေးများသည် ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထား၍ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး တာဝန်ခံစာတည်း ဒေါက်တာဒေါ်တင်လင်းမြင့်ထံသို့ ပန်းချီများရေးဆွဲပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

My Doom အမည်ရှိ ကွန်ပျူတာဗိုင်းရပ်စ် Worm ကူးစက်ပြန့်ပွားလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၉

My Doom. ခေါ် W32.Novarg.A@mm အမည်ရှိ ကွန်ပျူတာဗိုင်းရပ်စ်တစ်မျိုးသည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလအတွင်း စတင်ပျံ့နှံ့လျက်ရှိရာ ယခုလ ၂၈ ရက်နေ့တွင် အဆိုပါဗိုင်းရပ်စ်ပါဝင်သော e-Mail စောင်ရေ သန်း ၁၀၀ ကျော် ပြန့်ပွားလျက်ရှိကြောင်း၊ ဥရောပတွင် ယခုလ ၂၈ ရက်နေ့ နံနက်ပိုင်း၌ ဗိုင်းရပ်စ်ပြန့်ပွားမှုမှာ ၂၁ ရာခိုင်နှုန်းရှိရာမှ မွန်းလွဲပိုင်းသို့ရောက်သောအခါ ၃၃ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ကြောင်း၊ ၎င်းသည် e-Mail မှတစ်ဆင့် ကူးစက်ပြန့်ပွားသောMass-mailing Worm တစ်ခုဖြစ်ကြောင်း၊ ၎င်းသည် e-Mail ၏ attachment အဖြစ် ပါဝင်လာပြီး Extensionများမှာ bat,. cmd,. exe,. pif,. scr,. zipတို့ ဖြစ်ကြောင်း၊ e-Mail၏ Subject line တွင် Test, Hi, Hello, Mail Delivery System,. Mail Transaction Failed, Server Report, Status, Errorစသည်ဖြင့် တစ်ခုခုပါဝင်ကြောင်း၊ ကူးစက်ခံရပြီးပါက ၎င်းသည် အခြားသော e-Mail Userများထံသို့ ဆက်လက်ပေးပို့ဖြန့်ဝေကြောင်း၊ ကူးစက်ခံရသော ကွန်ပျူတာတွင် Proxy Backdoor တစ်ခု ထားရှိနိုင်ကြောင်း သိရှိရသည်။

ယခုအချိန်တွင် e-Mail ၁၂စောင်တိုင်း၌ My Doom Virus တစ်စောင်နှုန်း ပါဝင်လျက်ရှိသောကြောင့် ယခင်နှစ်က ပြင်းထန်စွာဖြစ်ပေါ်ခဲ့သည့် Worm Sobig.F ထက်သာလွန်ကြောင်း၊ Worm Sobig.F သည် e-Mail ၁၇စောင်တွင် တစ်စောင်သာပါဝင်ကြောင်း၊ ကူးစက်မှုမြန်ဆန်လျက်ရှိသောကြောင့် အင်တာနက်၏ Traffic အား မြင့်တက်စေပြီး အင်တာနက်စနစ်များကို ပိတ်ဆို့မှုများ ဖြစ်ပေါ်စေကြောင်း၊ ၎င်းဗိုင်းရပ်စ်၏ ပစ်မှတ်မှာ Microsoft Main Website နှင့် SCO Unix Vendor တို့၏ Website များဖြစ်ကြောင်း၊ ၎င်းဗိုင်းရပ်စ်အား ယခုလ ၂၆ရက်တွင် ထုတ်ဝေခဲ့သောNorton Anti-Virusအသစ်နှင့် ကာကွယ်နိုင်ကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါဗိုင်းရပ်စ်ကူးစက်ခြင်း မခံရစေရန်အတွက် အထက်တွင်ဖော်ပြထားသော Test, Hi,Hello, Mail Delivery System, Mail Transaction Failed, Server Report, Status, Error စသည့် Subject များဖြင့် ဝင်ရောက်လာသော e-Mail များအား ဖွင့်လှစ်ခြင်းမပြုဘဲ ဖျက်ဆီးရန်နှင့် အကယ်၍ အဆိုပါဗိုင်းရပ်စ်ကူးစက်ခြင်းခံရပါကလည်း Special Removal Tool from Norton နှင့် အသုံးပြုဖယ်ရှားသွားရန် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်က သတိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၅၇)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၅၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။**(ယာပုံ)**

နယဉ်၊ ရွှန်းမြအောင်၊ တိုးဝေ၊ တင့်ထွန်း(ချောက်)၊ မောင်မိုးယံ၊ကျော်စွာသူ(သာယာဝတီ)၊ ကောင်းညွန့်ဝေ (ရေစကြို)၊ မင်းပြာမောင်ယုန္တယ်၊ ဘွင်းဘွင်း၊ မောင်အောင်မြင့်(မိတ္ထီလာ)၊ မောင်ခိုင်ကျော်၊ (ကျောက်ဆည်)၊ ပိုနေမြ(ဝက်လက်)တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ မောင်အံ့(မဟာဝိဇ္ဇာ-ဘုံဘေ)၊ စောမုံညင်း၊ ယုဝတီခင်ဦး၊ မိမိခင် (ရွှေဂုံသမီးတော်)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ ပခုက္ကူ ဦးအုံးဖေ၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ချစ်စံဝင်း၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ ဦးငွေအောင်မွန်၊ ကြို့ပင်ကောက်တင်မောင်ဦး၊ မြန်စာမြေသိန်းလွင်၊ ဒေါက်တာသက်လွင်၊ တင်အောင်သွင်၊ တက္ကသိုလ်စိုးယဉ်၊ ပြင်စည်အောင်(ခရာတော)၊ မောင်မြင့်မိုရ်(ဧရာဝတီ)၊ လယ်ကိုင်းမိုးထိ၊ မောင်မြတ်မွန်(ဆူးလေ)၊ ရွှေညာမောင်မောင်၊ သူရိန်ဝင်း(ဇီးကုန်း)၊ ကိုရွှေမြသန်းတို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ သန်လျင် မောင်မောင်ဦး၊ မေတ္တာရှင်(ရွှေပြည်သာ)၊ မသန်းလွင် (ဟဲဟိုး)၊ မိုးပန်းမွန်(ရာမည)၊ မချိုမွန်၊ မောင်ဆောင်း(မုံလှ)၊ ညိုလွှမ်းအောင်၊ သောင်းဖေတင့်၊ ညိုဝင်း(ချစ်မြေ)၊ သက်သက်သင်း(ပညာရေး)၊ ငယ်နုသွေး(ခြောက်အိမ်တန်း)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ဗုဒ္ဓစာဥယျာဉ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ တောခလေ့စာပန်းချီ၊ ကာတွန်း၊ ဟာသကဏ္ဍစုံလင်စွာတင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ ပညာရွှေတောင်၊ လမင်းအိမ်၊ အမေ့အိမ်၊ မြင့်မိုရ်(၂)၊ စာပေလောက-၅၊ အောင်ပြည့်စုံ၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါး၊ ရဲရင့်စာပေ၊ ပြည်မြို့၊ အောင်နိုင်၊ သုခ၊ မကွေးမြို့ အောင်ဖြိုး၊ ကလေးမြို့ ပြည်သူ့အလင်းစာနယ်ဇင်း၊ တောင်ကြီးမြို့ မိလျံနာစာပေ၊မော်လမြိုင်မြို့ ကျော်ကျော်စာပေ၊ပျဉ်းမနားမြို့ သရဖူ စာပေ၊ ပဲခူးမြို့ သဇင်စာပေ၊ လားရှိုးမြို့ ဝင်းနိုင်စာပေ၊ ဟဲဟိုးမြို့ အရှေ့ကုန်းမြင့်စာပေ၊ ရွှေဘိုမြို့ နံ့သာသစ်စာပေ၊ မအူပင်မြို့ ကျင်ဝင်းငြိမ်း စာပေနှင့် ငွေပဒေသာထီဆိုင်၊ ကွမ်လုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်များတွင် စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးများ၌ ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃၀-၁-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ရိုးရာကျေးလက်ကစားနည်း
၈:၀၀	၆။	အဆိုပြိုင်ပွဲ
၈:၁၀	၇။	ကြေးမုံရိပ်သွင်တေးနယဉ်
၈:၂၀	၈။	ဂုံညင်းတန်းတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice In Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒအထူးပြုများ) [ဓာတုဗေဒ]
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၄၀	၈။	ဟင်းရွက်ရေလှောင်တမံ
၁၇:၄၅	၉။	နှောင်းခေတ်တေးပဒေသာ
၁၇:၅၅	၁၀။	နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၈:၀၅	၁၁။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၈:၁၅	၁၂။	Discovery
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	Milo Success in Soccer
၁၉:၁၀	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၁၁)
၁၉:၃၀	၁၇။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၄၀	၁၈။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ "အေးချမ်းစည်ပင်နစ်ဆယ့်လေးဒေသတစ်ခွင်"(အပိုင်း-၁)
၂၀:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	မြန်မာဗီဒီယိုဇာတ်လမ်း **"မယုံရင်ချစ်ကြည့်"** (အပိုင်း-၁) (ကျော်ဟိန်း၊ ညီနန္ဒ၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ-ကျော်ဇောလင်း)

ဇန်နဝါရီ ၂၆ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား လူမှုဝန်ထမ်းဦးစီးဌာန ကမ္ဘာ့အေးလူငယ်သင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (လူမှုဝန်ထမ်း)

ပြည်မြို့ ရတနာမာန်အောင်ကျောင်း ထမနဲပွဲနှင့် စတုဒိသာကျွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်မြို့ ရတနာမာန်အောင်တောရ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ဝိစ္ဆာဗလ (ရွှေဖျိုင်းနား ဆရာတော်) ဦးစီးတည်ထားတော်မူသော မဟာရွှေမြင့်မိုရ် စူဠာမဏိစေတီတော် မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးအား ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်မှ ၆ ရက်အထိ (ဖေဖော်ဝါရီ ၇ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ) ကျင်းပပြုလုပ်မည်ဖြစ်ရာ တပို့တွဲ လပြည့်ကျော် ၆ ရက် (ဖေဖော်ဝါရီ ၁၁ ရက်) နံနက် ၈နာရီအချိန်တွင် ပင့်သံဃာတော်အရှင်မြတ် ၁၀၈ ပါးတို့အား လှူဒါန်းဖွယ်ရာ အဖြာဖြာတို့နှင့်တကွ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပပြုလုပ်ခြင်း၊ နှမ်းမနဲ ၁၀၈ဒယ်၊ စတုဒိသာ ကျွေးမွေးခြင်းတို့အပြင် ကမ္ဘာ့သာသနာပြု ဦးစိန်သာဗလ မိသားစုနှင့် စာရေးဆရာကိုးဦးတို့က ဖေဖော်ဝါရီ၁၁ ရက်တွင် သံဃာတော်များအား အရုဏ်ဆွမ်း ကပ်လှူခြင်းနှင့် ကြွရောက်လာသူများအား ဆရာတော်၏ အံ့ဖွယ်မဂ္ဂုလာ လာဘမုနိ ရုပ်ပွားတော်များကို ဦးရာလူ စနစ်ဖြင့် လှူဒါန်း၍ စတုဒိသာ ကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

မလေးစကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

KM Language& Business Centre က စီစဉ်သော အချိန်တိုအတွင်း အထိရောက်ဆုံးသောနည်းဖြင့် လက်တွေ့ လေ့ကျင့်သင်ကြားပေးမည့် မလေးစကားပြော တစ်လသင်တန်း အပတ်စဉ် (၁၂) ကို ဖေဖော်ဝါရီ ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ စိတ်ဝင်စားသူများ KM Centre အမှတ် ၂၅ နံ့သာလမ်း ဌာနာရပ်ကွက် အလုံမြို့နယ် ခန်းမအနီး ဖုန်း–၂၂၁၁၆၀ နှင့် အမှတ် ၂၈၆ ဗညားဒလလမ်း တာမွေမြို့နယ် ဖုန်း–၇၀၉၈၇၄ တို့သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

MRA နွေရာသီ အထူးအင်္ဂလိပ်စာ သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

ဒေါက်တာမြင့်လှိုင် ဦးစီးသင်ကြားသည့် MRA (Myanmar Royal Academy) အင်္ဂလိပ်စာစင်တာတွင် Intermediate Level အင်္ဂလိပ်သဒ္ဒါ၊ စကားပြော၊ အရေးအဖတ် General English သင်တန်းများ၊GCE English Medical English TO EFLနှင့် English in Business Studies သင်တန်းများအပြင် Going-Abroad English အထူးတစ်လ၊ သုံးလနှင့် ခြောက်လသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိသည်။

ဖေဖော်ဝါရီ ပထမပတ်တွင် Post-Intermediate English, English in Basic Buddhismနှင့် English in Myanmar Language,Culture and Literature သင်တန်းများ၊ တရုတ်ဘာသာစကား သင်တန်းနှင့် ဖေဖော်ဝါရီလကုန်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကောလိပ်ဘွဲ့ကြို၊ ဘွဲ့ရအဆင့် အင်္ဂလိပ်၊ သဒ္ဒါ၊ စကားပြော၊ အရေးအဖတ်သင်တန်းများကို Level အဆင့်ဆင့် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းကျောင်း တည်ရှိရာ ရန်ကုန်မြို့ လမ်းမတော် ၉လမ်း(အလယ်) အမှတ် ၅၇ (မြေညီထပ်) ဖုန်း–၂၂၂၁၂၁တို့သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၇ ရက် ညနေက မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်နှင့် မင်္ဂလာသန်းမြင့်စက်မှုကုန်တိုက်၊နီလာဒံပေါက်နှင့် စားတော်ဆက်တို့ ပူးပေါင်းကျင်းပခဲ့သည့် ၂၀၀၄ ခုနှစ် အမျိုးသားပတ်လည်အမှတ်ပေး ဟော်ကီ ပြိုင်ပွဲတွင် ပထမရ ဗိုလ်စွဲခဲ့သည့် တပ်မတော်မှတ်တမ်းရုံးအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၂၁၀)

အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

English (U.M.N) အင်္ဂလိပ်စကားပြောသင်တန်းက ပြည်တွင်းပြည်ပနေရာအသီးသီး၊ အခြေအနေအမျိုးမျိုးအတွက် အင်္ဂလိပ်စကားကျွမ်းကျင်စွာပြောဆိုနိုင်ရန် စနစ်တကျသင်ကြားပြီး Grammarစစ်စစ်ဖြင့် အရေးအသား၊ ဘာသာပြန်၊ စာမေးပွဲဝင်ခွင့်၊ မေးခွန်းပုံစံ၊ မေးဖြေဘာသာရပ်များကို ခေတ်မီသင်ကြားနည်းဖြင့် သင်ကြားမည်ဖြစ်သည်။

ထို့ပြင် ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံခြားသွားမည့်သူများအတွက်နှင့် တစ်ဦးချင်းသင် တစ်လသင်တန်း၊ အိမ်အရောက်သီးသန့်သင်တန်းများနှင့် ရုံးဝန်ထမ်းများအတွက် စနေ၊ တနင်္ဂနွေတန်းခွဲသစ်များ၊ အထူးအစီအစဉ်အဖြစ် နွေရာသီကလေးတန်း သီးသန့်တန်းခွဲများကိုပါ ဖွင့်လှစ်ပေးမည်ဖြစ်ရာ အမှတ် ၁၅၄ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း–၇၀၈၅၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က–ပ)

ပေါက်ပေါက်မြောက်မြောက် ရုံသုံးရုံအပြိုင်တင် လာမည့်သောကြာ မျက်နှာများတဲ့ကောင်းကင်ဝင်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

လူစွမ်းကောင်းရုပ်ရှင် ထုတ်လုပ်ရေးမှ တင်ဆက်ပြီး ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးသည့် လူရိုးလူအ မြောက်မြောက်အဖြစ် ရာဇာနေဝင်းကနှစ်ကိုယ်ခွဲသရုပ်ဆောင်ထားသည်။ အရိုးဆုံးဇာတ်လမ်းကို အဆန်းဆုံးဖြစ်အောင် နေရာတကာ

မျှော်လင့်ခြင်းကမ်းပါး ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

ပေါက်ပေါက်မြောက်မြောက် ဇာတ်ကား ယခု သောကြာပတ်တွင် ရုံသုံးရုံ အပြိုင်ဝင်လာသည်။

ဇတ်ဇတ်ကြဲ ပေါက်ပေါက်နှင့် ရာဇာမှ ရာဇာဖြစ်နေသော ရာဇာနေဝင်းက အထူးသရုပ်ဆောင်ထားသည်။ ပေါက်ပေါက်မြောက်မြောက် တွင် ဇာဂနာ၊ စိုးမြတ်နန္ဒာ၊ ဆုပန်ထွာ နှင့်

ရုပ်ရှင်သတင်းထောက်

ဟာသသရုပ်ဆောင် မိုးဒီ၊ ကုသိုလ်၊ ညီဂျော်၊ ငြိမ်းချမ်း၊ ချစ်စရာတို့က အားဖြည့်ထားသည်။ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ရုံဝင်လာသည်။ လွန်းထားထား၏ ဝတ္ထုကို ဒီပါ၊ မေထက်သန်၊ ရှင်းသန့်ကြည်တို့ သုံးဦးပေါင်း ဖန်တီးထားသည့် **အိပ်မက်နတ်သမီး** မှာ ရွှေဆောင်နှင့် နဝဒေးရုံများတွင် ဆက်လက်ပြသနေသည်။

ဟောင်ကောင်ရှိ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်ကြီးကို သုတ်သင်ရှင်းလင်းလိုက်သူ ကွန်ပျူတာနတ်သမီး ပါဝင်သည့် So. Close အက်ရှင်ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ဆက်လက်အောင်ပွဲခံနေသည်။

ပေါက်ပေါက်မြောက်မြောက် ဇာတ်ကားမှ ရာဇာနေဝင်း။

ငြိမ်းမင်း၏ ဇာတ်ညွှန်းကို ဇာတ်လမ်းနှင့်ဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူးသည့် **မျက်နှာများတဲ့ ကောင်းကင်** ဇာတ်ကား လာမည့်သောကြာပတ်တွင် ရုံဝင်လာမည် ဖြစ်သည်။

ဘုရင့်အဆင့်မြင့်ရုံတွင် Salman Khan, Bhoomika Chawla တို့ သရုပ်ဆောင်ထားသည့် Tere Naam ဇာတ်ကား ရုံဝင်လာသည်။ ။

(မြန်မာ့အလင်း)

မျက်နှာများတဲ့ ကောင်းကင် ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်။

မေဘယ်လ်ဗီဒီယိုထုတ်လုပ်ရေးမှ တင်ဆက်ပြီး ဒါရိုက်တာ လူမင်းခေါင်ရိုက်ကူးသည့် မျှော်လင့်ခြင်းကမ်းပါး ဇာတ်ကားမှာ ယခုသောကြာပတ်တွင် ရွှေဂုန်၊ စံပြ၊ သီတာ၊ ပဒေသာ၊ ရွှေလမင်း(ထောက်ကြံ့)ရုံများ၌ ရုံဝင်လာသည်။ မျှော်လင့်ခြင်းကမ်းပါးတွင် စိုင်းစိုင်းခမ်းလှိုင် ပထမဦးဆုံး ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး ထွန်းအိန္ဒြာဗို၊မင်းခ၊ တယောဦးတင်ရီတို့ ပါဝင်ထားသည်။ ရာဇာနေဝင်းနှင့် ရန်အောင်တို့ ခေါင်းဆောင်ပါဝင်ထားသည့် မှတ်ထားဇာတ်ကားမှာ ရွှေမန်းရုံတွင် ဆက်လက်ပြသလျက်ရှိသည်။

GSM°/°TDMA°/°CDMA နှင့် ပတ်သက်သည့် ထပ်ဆင့်ထုတ်လွှင့်သည့်စနစ်အကြောင်းရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၂၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ ဗဟိုဌာန(IBC)၌ ကျင်းပသည့် GSM/TDMA/CDMA နှင့်ပတ်သက်သည့် အဆောက်အအုံအတွင်း ထပ်ဆင့်ထုတ်လွှင့်သည့် စနစ်အကြောင်း ရှင်းလင်းဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ လုပ်ငန်းရှင်ကြီးများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာဝန်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက် Suncon Systems မှ ဒါရိုက်တာ ဦးမောင်မောင်ခင်က အဆောက်အအုံအတွင်း ထပ်ဆင့်လွှင့်သည့်စနစ် ရှင်းလင်းဟောပြောပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ LGP Allgon Singapore မှ အုပ်ချုပ်မှုဒါရိုက်တာ Mr. Terry Wan က GSM/TDMA/CDMA, Cellular Telephone နှင့် ပတ်သက်သည့် Repeater System, In-Buliding Solution များနှင့် LGP Allgon မှ ထုတ်လုပ်သော ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများအကြောင်းကို ဗီဒီယိုဆလိုက်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို အုပ်ချုပ်မှုဒါရိုက်တာ Mr. Terry Wan က ပြန်လည်ရှင်းလင်းပြောကြားသည်။

မရှိမဖြစ်

Suncom System ၏ LGP Allgon Product များဖြစ်သော Repeater, Indoor Antenna. Minicell များ တပ်ဆင်ခြင်းဖြင့် Mobile Network အား အဆောက်အအုံ၊ မြေအောက်ထပ်၊ Tunnel များ၊ ချိုင့်ဝှမ်းများမှ Singal Quality ကောင်းလာပြီး Service ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ GSM/TDMA/CDMA/Repeater System များနှင့် Distributed Antenna System များသည် နိုင်ငံတော်က စီစဉ်မှုဖြင့် တည်ဆောက်နေသော အဆင့်မြင့်၊ အထပ်မြင့် အဆောက်အအုံများ အတွက် မရှိမဖြစ်လိုအပ်သော System မျိုးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စံပြသမဝါယမအရောင်းဆိုင်ဖွင့်ပွဲကျင်းပ ဝန်ကြီးဗိုလ်ချုပ်ဌေးဦး တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်နှင့် မြန်မာပြည်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်တို့ ပူးပေါင်းဖွင့်လှစ်သော စံပြသမဝါယမအရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက တာမွေမြို့နယ် တာမွေလေးရပ်ကွက် လေးထောင့်ကန်လမ်းမကြီး မင်းရဲကျော်စွာအိမ်ရာ တိုက်အမှတ် အက်စ်–၂၊ အခန်းအမှတ် ၀၀၁ ရှိ အသင်းဆိုင်နေရာတွင် ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်အားပေးချီးမြှင့်သည်။

ဖဲကြိုးဖြတ်

အစီအစဉ်အရ အသင်းဆိုင်ကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးရဲအောင်နှင့် မြန်မာပြည်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးမြင့်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

၎င်းနောက်ဝန်ကြီးနှင့်ဧည့်သည်တော်များ၊ တာဝန်ရှိသူများက အသင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ စံပြသမဝါယမ အရောင်းဆိုင်တွင် အခြေခံစားကုန်၊ လူသုံးကုန်၊ အိမ်သုံးကုန်၊ စားရေးကိရိယာများကို ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်၏(၁/၂၀၀၄) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ အဖွဲ့ချုပ်ရုံးခန်း၌ ဇန်နဝါရီ ၂၇ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပသည်။ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ (လူမှုထူးချွန်ပထမဆင့်) ဒေါ်မိမိခင်က သဘာပတိ အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ၂၀၀၃ခုနှစ်ပဥ္စမ အကြိမ်ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့အမှတ်ပေး(လူသစ်တန်း) ပြိုင်ပွဲနှင့် (ခ)အဆင့်ပြိုင်ပွဲကျင်းပခဲ့ခြင်းကိစ္စ၊ ၂၀၀၄ခုနှစ် မြန်မာ့ရိုးရာ စွန်အလှပြိုင်ပွဲနှင့် စွန်ဖြတ်အားကစားပြိုင်ပွဲကို ပုဂံယဉ်ကျေးမှုနယ်မြေတွင် ကျင်းပရေးကိစ္စတို့နှင့် စပ်လျဉ်း၍ စွန်ပညာရှင်ဦးလှဘော်(မင်္ဂလာတောင်ညွန့်)နှင့် ဦးမျိုးလွင်(တာမွေမြို့နယ်)၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှူး ဦးမြသိမ်း၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်းထွန်း၊ မြန်မာ့ရိုးရာလက်ဝှေ့ဒိုင်ချုပ် ဦးဒေါင်းနီတို့ကလည်းကောင်း၊ မြန်မာ့ရိုးရာ ထုပ်ဆီးတိုး အားကစားပြိုင်ပွဲနှင့် လွန်ဆွဲအားကစားပြိုင်ပွဲ ဒိုင်အဖွဲ့ အတွင်းရေးမှူး ဦးအေးသွယ် လူမှုထူးချွန်(ပထမဆင့်) အထက(၆) မင်္ဂလာတောင်ညွန့်မြို့နယ်က လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်သဘာပတိ အမှာစကားပြောကြားကာ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို စုပေါင်းဆောင်ရွက်သွားကြရန် အဖွဲ့ချုပ် ဥက္ကဋ္ဌကပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းသည်။

စွန်ပြိုင်ပွဲများ

၂၀၀၄ခုနှစ် မြန်မာ့ရိုးရာစွန်အလှပြိုင်ပွဲနှင့် စွန်ဖြတ်အားကစားပြိုင်ပွဲကို ပုဂံယဉ်ကျေးမှုနယ်မြေ၌ ကျင်းပရေးအတွက် အစည်းအဝေးကို အောင်ဆန်းအားကစားပြိုင်ဝင်းအဖွဲ့ချုပ်ရုံးခန်း၌ ဖေဖော်ဝါရီ၃ရက် မွန်းလွဲ ၁ နာရီတွင် ထပ်မံကျင်းပမည်ဖြစ်ရာ စွန်ပညာရှင်များ၊ စွန်ပြိုင်ပွဲဒိုင်များ၊ စွန်အားကစားသမားများနှင့် စွန်လုပ်ငန်းရှင်များ တက်ရောက်ကြရန် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နွေရာသီကျောင်းပိတ်ရက် သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

University of Cambridge Local Examination Syndicate (UCLES) မှ စစ်ဆေးသော နိုင်ငံတကာအဆင့်မီ Exams များကို နွေရာသီကျောင်းပိတ်ရက်တွင် ကလေးများဖြေဆိုနိုင်ရန် Future Star Quality Training Centre မှ Level အလိုက်သင်တန်းများကို Four Skills ဖြင့်စနစ်တကျ လေ့ကျင့်သင်ကြားပေးနေပါသည်။

အဆိုပါ နွေရာသီသုံးလသင်တန်းကို မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်ပြီးပါက Level အလိုက် Cambridge Exams များဖြစ်သော Starters, Movers, Flyers, KET, PET, FCEတို့ကို ဖြေဆိုနိုင်ရန်စီစဉ်ဆောင်ရွက်ပေးမည်။ ဖြေဆိုအောင်မြင်ပြီးပါက UCLESမှ (အမြဲတမ်းအောင်လက်မှတ်)များကိုပေးမည်ဖြစ်သည်။

ထို့အပြင် General English Classes များနှင့် Grammar Special သင်တန်းများကိုလည်း သင်ယူနိုင်ကြောင်းသိရသည်။ အခြေခံပညာမူလတန်း၊အလယ်တန်း၊အထက်တန်း၊ တက္ကသိုလ်ကျောင်းသူကျောင်းသားများ မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်သည်။ သင်တန်းတက်ရောက်လိုသူများ Fut-uer Star Quality Training Centre No. 26(A), Yaw Min Gyi Road, Dagon Township, Yan-gon, Myanmar ဖုန်း–၇၁၀၁၀၅၊ ၃၇၉၂၁၈၊ ၂၈၁၁၅၈ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကျောင်းကျန်းမာရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ တောင်ကြီးမြို့ ကျောင်းကျန်းမာရေးဌာနမှ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာဥမ္မာဝင်းနှင့်အဖွဲ့ဝင်ခြောက်ဦး၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရွှေမန်းနှင့် ကျောင်းအုပ်ကြီးများ၊ တောင်ကြီးမြို့နယ် တိုင်းရင်းဆေးဌာနမှ ဒုလက်ထောက်ဆေးမှူး ဒေါ်တင်မိုးခိုင်တို့ပါဝင်သောအဖွဲ့သည် တောင်ကြီးမြို့နယ်ရှိ ကျောင်းများကို ၂၀၀၃–၂၀၀၄ စာသင်နှစ်အတွက် ကျောင်းကျန်းမာရေး အဆင့်မြှင့်ကျောင်း ထူထောင်ရေး ကွင်းဆင်းသွားရောက်စစ်ဆေးသည်။ တောင်ကြီးမြို့ နယ်တွင်းရှိ ကျောင်းပေါင်း ၁၂၃ ကျောင်းကို ၂၀၀၃ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၈ ရက်ထိ ကျောင်းနှင့်ပတ်ဝန်းကျင်စစ်ဆေးခြင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို စစ်ဆေးကြသည်။

ထို့ပြင် ဇန်နဝါရီ ၉ ရက်မှ ၂၁ ရက်ထိ ကျောင်းပေါင်း၃၄ ကျောင်းကို စစ်ဆေးခဲ့ကြောင်းသိရသည်။**(က–ပ)**

နရသုခိသုခချမ်းသာမဂ္ဂဇင်း အမှတ်(၇၇)ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၂၉

နရသုခိသုခချမ်းသာ ကျန်းမာပျော်ရွှင် အောင်မြင်ရေးမဂ္ဂဇင်း အမှတ်(၇၇) ဖေဖော်ဝါရီလထုတ်ကို မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၅/၂၀၀၄(၁) ဖြင့် ရွှေနှလုံးသားစာပေက ဖြန့်ချိထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

(က–ပ)

တရုတ်ပစ္စည်းဈေးကွက် ခိုင်မာကျယ်ပြန့်လာ၊ ကြက်ငှက် တုပ်ကွေး ထိုင်းမှာဖြစ်ပွား၊ အမြန်ရထားအချို့ ထွက်ချိန်ဝင်ချိန်ပြောင်း၊ ဆလုံကျွန်းကို သွားကြမယ်၊ ဗွီစီဒီပြစက် တစ်မုဟုတ်ချင်းရောင်းကုန်၊ ငါးရံ့ခြောက် အညာတက် လက်လီရောင်းစသော အကြောင်းအရာများ ပါဝင်သည့် ကုမုဒြာဂျာနယ် အမှတ်(၁၀၇) မျက်နှာဖုံး။ (က–ပ)

ဇန်နဝါရီ ၁၇ ရက်က အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း စမ်းချောင်းမြို့နယ်၏ ၂၀၀၂–၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းထူးချွန်းဆုရသူ မဟေမာန်နေလင်းအား ကျောင်းအုပ်ဆရာကြီး ဦးမြသောင်းက ဆုချီးမြှင့်စဉ်။ (က–ပ)

ဆေးစက်ကျရာပန်းချီပြပွဲပြသ

ရန်ကုန် ဇန်နဝါရီ ၂၉

ပန်းချီဆရာ ဝင်းဖေမြင့်၊ စိုင်းဝေလျှံ၊ ဇော်ဝင်းဖေတို့ ပါဝင်သည့် ပန်းချီဆရာ ၁၉ ဦးတို့၏ လေးကြိမ်မြောက် ဆေးစက်ကျရာအမည်ရှိ ပန်းချီပြပွဲကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းရှိ လောကနတ် အလှပညာခန်းမ၌ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။ ပြပွဲတွင် ဆီဆေး၊ ရေဆေး၊ အခရိုင်လစ်၊ ပါစတယ်တို့ဖြင့် ရေးဆွဲထားသော ပန်းချီကား ၇၁ ကား ပါဝင်၍ စိတ်ဝင်စားသူများ အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)ပတ္တမြားခန်းမ၌ ကျင်းပသော ၂၀၀၄ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးကော်မတီ၏ ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ MPGA နှင့် MGF ဥက္ကဋ္ဌ၊ Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက အမှာစကား ပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က ၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူတို့က မိမိတို့ လုပ်ငန်းကဏ္ဍများ အလိုက် အကြံပြု ဆွေးနွေးတင်ပြကာပြိုင်ပွဲအတွက်အထွေထွေ ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက်ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်ချက်များကို ညှိနှိုင်း ဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ ၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်မှ ၁၅ ရက်အထိ ရန်ကုန် ဂေါက်ကလပ်ဒညင်းကုန်း၌ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်မည်

ယင်းပြိုင်ပွဲသို့ ဩစတြေးလျမှ ၁၅ဦး၊ FIJI၊ ကနေဒါ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Ecuador၊ မက္ကဆီကို၊ စကော့တလန်၊ စင်ကာပူတို့မှ တစ်ဦးစီ၊ အင်္ဂလန်၊ ဟောင်ကောင်၊ ဆွီဒင်တို့မှ နှစ်ဦးစီ၊ အိန္ဒိယမှ ၁၂ ဦး၊ ဂျပန်မှ ရှစ်ဦး၊ ကိုးရီးယားသမ္မတနိုင်ငံမှ ၁၃ဦး၊ မလေးရှားမှ လေးဦး၊ ဖိလစ်ပိုင်မှငါးဦး၊တောင်အာဖရိကမှ ခုနစ်ဦး၊ သီရိလင်္ကာမှ သုံးဦး၊ ထိုင်းမှ ရှစ်ဦး၊ တရုတ်(တိုင်ပေ)မှ ၁၆ဦး၊ အမေရိကန် ပြည်ထောင်စုမှ ၁၂ ဦးနှင့် အိမ်ရှင် မြန်မာနိုင်ငံမှ Professional Golfer ၂၄ဦးနှင့် အပျော်တမ်း ဂေါက်သီးရိုက် အားကစားသမား လေးဦးပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

Myanmar PGA နှင့် MGF တို့ကကြီးမှူးကျင်းပသော Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန် ဂေါက်ကလပ်(ဒညင်းကုန်း)၌ ဆက်လက် ကျင်းပသည်။

ပြိုင်ပွဲ၏ တတိယနေ့ (၁၈) ကျင်း ကစားအပြီး၌ စိုးကျော်နိုင်(Pan-West) ကပင် ၇၂+၆၈+၇၅ ပေါင်း ၂၁၅ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မင်းနိုင်(Srixon)က ၇၃+၇၁+၇၂ ပေါင်း ၂၁၆ ချက်ဖြင့် ဒုတိယ၊ ဝါရင့်ဂေါက်သမား မြင့်သောင်း(KM Golf Centre) က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ပြီး ၇၆+၇၄+၆၈ ပေါင်း ၂၁၈ ချက်နှင့် အောင်ဝင်း(Y.C.D.C) ကလည်း သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ ၇၃+၇၆+၆၉ ပေါင်း ၂၁၈ ချက်စီဖြင့် တတိယ လိုက်နေကြသည်။

ဇော်ဇော်လတ်(Pan-West) က ၇၆+၇၂+၇၄ ပေါင်း ၂၂၂ချက်နှင့် နန္ဒကျော်(Y.C.D.C)က ၇၁+၇၆+၇၅ ပေါင်း ၂၂၂ ချက်ဖြင့် စတုတ္ထလိုက်နေကြသည်။

ယင်းပြိုင်ပွဲကို Gold Uni Jewellery Co., Ltd. နှင့် Xie Family တို့နှင့်အတူ Imperial Jade Purified Drinking Water တို့က ကူညီ ပံ့ပိုးကြသည်။

စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန် ဂေါက်ကလပ်(ဒညင်းကုန်း)၌ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရီပိုတာသတင်းဂျာနယ် အမှတ် (၁၀၆)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

မြေနီကုန်းဖိုးလုံး၊ ဘုန်းစည်သူ၊ စိုးမြင့်လတ်၊ သိန်းမင်း၊ စတီးဗ်(ဘောဂဗေဒ)စသည့်ရသစုံဆောင်းပါးများ အပါအဝင် အင်တာနက် သတင်းများကို ဓာတ်ပုံဝေဝေဆာဆာ ဖြင့် Reporter နိုင်ငံတကာသတင်းဂျာနယ် အမှတ် ၁၀၆ကိုဖြန့်ချိထားသည်။ ဆက်သွယ်ရန်ဖုန်း– ၇၂၀၇၇၉ဖြစ်သည်။**(အပေါ်ပုံ)**

(က–ပ)

အင်အားပြင်းမြေလျင်လှုပ်

ရန်ကုန် ဇန်နဝါရီ ၂၉

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်နေ့ မြန်မာစံတော်ချိန် ဝ၄ နာရီ ၅၂ မိနစ် ၃၆ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့တောင်ဘက် (၂၁၀၀)မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ဒသမ၇ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

သဲအင်းဂူဝိပဿနာတရားစခန်းနှင့်တရားပွဲတော်များ

ရန်ကုန် ဇန်နဝါရီ ၂၉

ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ မှော်ဘီမြို့ သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသောဘိတ(ဦးစလင်း) ဦးဆောင်သော ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်သူမြတ်တို့သည် ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတော်များကို အင်္ဂပူမြို့နယ် ကွင်းကောက်မြို့ သာပေါင်းကျောင်းတိုက်၌ ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ခုနစ်ရက်တရားစခန်း၊ တွံတေးမြို့ ဘုရားကြီးကျေးရွာ ဓမ္မသုခဓမ္မာရုံတွင် ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ရက် အထိ၊ ကော့မှူးမြို့နယ်ရှိ မကျီးကန်ကျေးရွာ တောင်ပေါ်ကျောင်း၌ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၇ ရက်အထိ၊ နတ်စင်ကုန်းကျေးရွာ ဦးအောင်ကြည်–ဒေါ်ညွန့်တို့၏ တရားမဏ္ဍပ်တွင် ဖေဖော်ဝါရီ၁၈ ရက်မှ ၂၀ ရက်အထိနှင့် ကျုံတောချောင်းကျေးရွာ ဦးကြင်မောင်–ဒေါ်တင်ငွေတို့၏ အလှူမဏ္ဍပ်တို့၌ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ဟောပြောပြပေးမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ရေစင်သွန်းလောင်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက် ရွာမကျောင်းလမ်းတွင် တည်ထား ကိုးကွယ်လျက်ရှိသော စရိပသ်ရ ကာလီယမ္မာန် မယ်တော်ကျောင်းတော်ကို ပြန်လည်မွမ်းမံပြီးစီးပြီဖြစ်၍ သိဒ္ဓိတင်ရေစင် သွန်းလောင်းပွဲကို ဖေဖော်ဝါရီ၁ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီခွဲတွင် ကျင်းပ မည်ဖြစ်ရာ ဌာပနာ ထည့်သွင်းမည့်ပစ္စည်းများကို ဇန်နဝါရီ၃၁ ရက် နောက်ဆုံးထား၍ ဂေါပကအဖွဲ့သို့ ပေးပို့နိုင်ကြောင်း သိရသည်။

(က–ပ)



မင်္ဂလာဆောင်ခြင်း

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ အမှတ် ၁၆၊ ပန်းမယ်ဇလီလမ်းနေ
"ပြည့်ဖြိုးဝေ ရေယာဉ်ပိုင်ရှင်"
ဦးမြင့်ဝေ–ဒေါ်လှကြည်တို့၏ ဒုတိယသား၊
ကိုသောင်းထွဋ်ဦး–မတင်စမ်း
တို့၏ညီမောင်၊ ကိုဇော်ထွဋ်–မကြည်ကြည်မြင့် တို့၏အစ်ကို

မောင်အောင်ကျော်ထွဋ်

"ပြည့်ဖြိုးဝေ အုတ်သဲကျောက်ရောင်းဝယ်ရေး"

နှင့်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့၊ မင်းပိုင်းရပ်နေ
ဦးမြမောင်–ဒေါ်မြအေး "ရွှေစပါးဆန်စက်ပိုင်ရှင်"
ဦးမောင်မောင်ကြီး–(ဒေါ်တင်လှ)၊ ဦးသန်းတင့်–ဒေါ်မြရီ၊
စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ–ဒေါ်ခင်မာအေး
တို့၏တူမ၊
ကွမ်းခြံကုန်းမြို့၊ စံပြ(၈)လမ်းနေ
ဦးတင်ဦး–ဒေါ်အုန်းနုတို့၏ သမီးကြီး

မမော်မော်သင်း (ကျောင်းအုပ်ဆရာမ)

(အမက–၇၊ သဃ်န်းကျွန်း)

တို့သည် ၂၇–၁–၂၀၀၄ရက်နေ့တွင် ကွမ်းခြံကုန်းမြို့နေအိမ်၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ကျော်ထွဋ်–မမော်မော်သင်း။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

အဆင့်မြင့်ကုန်တိုက်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော ဝန်ထမ်းများအလိုရှိသည်။

1. Chief Accountant — ကျား/မ ၁ ဦး
   - B. Com (C. P. A) အသက်(၃၅)နှစ်မှ (၄၅)နှစ်အတွင်း၊ Computerize Accounting အားကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
   - လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိရမည်။
2. Accountant — ကျား/မ ၂ ဦး
   - LCCI Level (I, II, III)အောင်မြင်ပြီးသူ၊ အသက်(၂၅)နှစ်အထက်ရှိ၍ Computerize Accounting အားကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
   - လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။

အထက်ပါအရည်အချင်းနှင့် ပြည့်စုံသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့် လိုအပ်သော စာရွက်စာတမ်းများပူးတွဲလျက် ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ ကုန်တိုက်အတွေ့အကြုံရှိသူ ဦးစားပေးမည်။

ဆက်သွယ်ရန်လိပ်စာ–
No. (156), 32nd Street, Pabedan Township,
Yangon, Myanmar.

ကိုမောင်မောင်နှင့်ညီအစ်ကိုများ
ကိုကိုဇော် – မခင်အေး

မြိတ်မြို့၊ ကန်ခေါင်းရပ်၊ မြကန်သာလမ်း၊
(ထားဝယ်/မြိတ်ဒေသအတွင်း)
သားရေစိမ်းများ ဝယ်ယူဆောင်ရွက်ပေးသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်သားသစ်သင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်သားသစ်သင်တန်းအမှတ်စဉ်(၂၇)သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က တောင်လေးလုံးရဲလေ့ကျင့်ရေးသင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင် တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ တောင်လေးလုံး သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် နည်းပြအရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ၊ ကျောင်းဆင်းသင်တန်းသားများ၏ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲ ကျင်းပရာ စံပြကျောင်းသားဆုကို ကသ-၁၆၂ ဇော်ဝင်းထွန်း၊ ဥပဒေထူးချွန်ဆုကို ကသ-၁၁၇ မိုးသူလင်း၊ ရဲကျင့်ဝတ်ထူးချွန်ဆုကို ကသ-၅၆ စိုးသူလွင်၊ စစ်ပညာထူးချွန် ဆုကို ကသ-၁၇၂ ဇော်ဇော်ဝင်း၊ သေနတ်ပစ်အကောင်းဆုံးဆုကို ကသ-၂ ကျော်ဆန်းလှိုင်တို့က ရရှိခဲ့ကြပြီး ဆုများကို စီမံရေးနှင့်လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင်က ချီးမြှင့်ပေးကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

မော်လမြိုင်မြို့ အထက(၄) မြတ်ဆရာပူဇော်ပွဲအခမ်းအနားကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၂၃

မော်လမြိုင်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၁ရက် တနင်္ဂနွေနေ့ နံနက်၈နာရီက အထက(၄) ပွင့်ဦးမာလာခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အမှာစကား

ပူဇော်ပွဲအခမ်းအနားတွင် ကျင်းပရေးကော်မတီ နာယက ကျောင်းအုပ်ဆရာမကြီးဒေါ်သီသီလွင်၊ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဟန်တို့က အမှာစကားပြောကြားကြပြီး ကျောင်းသားကျောင်းသူဟောင်းများ ကိုယ်စားဗိုလ်မှူးချုပ်ငွေသိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

သြဝါဒစကား

ဆက်လက်၍ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြရာ ဆရာကြီးဦးခိုင်သန်း၊ ဆရာကြီး ဦးသောင်းခိုင်တို့က ဆုံးမသြဝါဒ စကားပြောကြားကြသည်။ **(အပေါ်ပုံ)** (၁၆၈)

တပင်ရွှေထီးလမ်း ကတ္တရာလမ်းသစ်ဖွင့်

ပျော်ဘွယ် ဇန်နဝါရီ ၆

ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းဘက်ရပ် တပင်ရွှေထီး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်မှူးချုပ်လှမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်ကြည်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းကျော်တို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

လမ်းသစ်မှာ အကျယ် ၁၂ ပေ၊ အရှည်ပေ ၁၁၈၀ ရှိပြီး ကျပ်ငွေ ၁၁ သိန်းကျော် အကုန်အကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

(၂၅၀)

တိုးချဲ့ဆောင်သစ်ပေးအပ်လှူဒါန်း

ညောင်ဦး ဇန်နဝါရီ ၂၃

ညောင်ဦးခရိုင်နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း တိုးချဲ့ဆောင်သစ် ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပသည်။

လှူဒါန်းရခြင်း

အခမ်းအနားတွင် သစ်တောမိတ်ဆွေများအသင်းမှ ဒေါက်တာဝင်းမောင် (M.B.,B.S MRCP London)က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အဆောက်အအုံကို သစ်တော မိတ်ဆွေများအသင်းနှင့် ရွှေလေတံခွန် ကုမ္ပဏီတို့က လှူဒါန်းခြင်းဖြစ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရွှေလေတံခွန် ကုမ္ပဏီ ပိုင်ရှင် ဒေါ်ဥမ္မာဝင်းက ညောင်ဦးခရိုင် ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ် ၁၅သိန်း၊ ညောင်ဦးခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့သို့ ကျပ်နှစ်သိန်းပေးအပ်လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

(အပေါ်ပုံ)(၃၀၀)

အမြို့မြို့ အနယ်နယ် သတင်းများ

ဇန်နဝါရီ ၁၅ ရက်က ကျိုက်လတ်မြို့နယ် ရုံးဒေါင့်အထကတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြဝင်းအောင်က ကျောင်းသူ ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။ (က-ပ)

ချောင်းရေတားတမံ မြေဖို့ခြင်းလုပ်ငန်း စုပေါင်းဆောင်ရွက်

အင်္ဂပူ ဇန်နဝါရီ ၅

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ထူးကြီးဒေသ ဖောက်ချောင်းအား ညောင်ပင်ကြီးကွင်း ကျေးရွာအနီး၌ နွေစပါး စိုက်ပျိုးနိုင်ရေးအတွက် ချောင်းရေတားတမံ အလျားပေ ၈၀၊ အနံပေ ၃၀၊ အမြင့် ၂၅ပေရှိ၍ မြေကျင်း ၃၅၀ခန့် ဖို့ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂ရက်က ကျေးရွာပြည်သူ ၁၅၀ကျော်တို့က နေ့ချင်းပြီး စုပေါင်းဆောင်ရွက်ကြရာ အင်္ဂပူမြို့နယ် စိုက်ပျိုးမြှင့်အဖွဲ့ဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်နှင့် တာဝန်ရှိသူများ၊ ထူးကြီးဒေသ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟုတ်ထိုင်နှင့်အဖွဲ့ဝင်များ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အဆိုပါရေတားတမံမှ နွေစပါးစိုက်ဧက ၃၅၀ခန့် ရေလိုအပ်မှုကို ရေဖြည့်ဆည်းပေးသွင်းနိုင်မည် ဖြစ်ကြောင်းသိရသည်။

(၁၃၁)

နေပြည်မြို့နယ် စံကင်း-ကလော့သော့လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

နေပြည် ဇန်နဝါရီ ၂၅

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင်နှင့်အဖွဲ့သည် နေပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော စံကင်း-ကလော့သော့လမ်း ကျောက်ချောခင်းလုပ်ငန်းနှင့် လမ်းပေါ်ရှိ တံတားများကြံ့ခိုင်မှုအခြေအနေအား ဇန်နဝါရီ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးရာ နေပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့်တာဝန်ခံအင်ဂျင်နီယာဦးစန်းမြင့်ဝင်းတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။**(အောက်ပုံ)** (၀၈၅)

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၃း၀၀ နာရီအထိ

၂-၂-၂၀၀၄ (တနင်္လာနေ့)

- ❑ Cultural Anthropology
  - **ပနှစ်မနုဿဗေဒ၊ ဒုဿနိကဗေဒ၊ ရှေးဟောင်း သုတေသနပညာနှင့် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ**
- ❑ Archaeological Theory
  - **ပနှစ်ရှေးဟောင်းသုတေသန ကျောင်းသား ကျောင်းသူများ**

၃-၂-၂၀၀၄ (အင်္ဂါနေ့)

- ❑ Chemical Bonding
  - **ဒုနှစ်ဓာတုဗေဒအထူးပြု နေ့ကျောင်းသူ ကျောင်းသားများ**
- ❑ Carbohydrate
  - **ဒုနှစ်ဓာတုဗေဒအထူးပြု နေ့ကျောင်းသူ ကျောင်းသားများ**

၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ Basic Electronics
  - **တနှစ်သမိုင်းအထူးပြု ကျောင်းသူ ကျောင်းသားများ**
- ❑ Basic Crystal Structure
  - **တနှစ်ရူပဗေဒအထူးပြုကျောင်းသူ ကျောင်းသားများ**

၅-၂-၂၀၀၄ (ကြာသပတေးနေ့)

- ❑ Supremal Points
  - **သင်္ချာအထူးပြု ကျောင်းသူ ကျောင်းသားအားလုံး**
- ❑ An animal cell
  - **ပနှစ်သတ္တဗေဒအထူးပြု ကျောင်းသူ ကျောင်းသားများ**

၆-၂-၂၀၀၄ (သောကြာနေ့)

- ❑ Ecto: and Endoparasites
  - **တနှစ်သတ္တဗေဒအထူးပြု ကျောင်းသူ ကျောင်းသားများ**
- ❑ How to Make Golden Rice
  - **ပနှစ်ရုက္ခဗေဒအထူးပြု ကျောင်းသူ ကျောင်းသားများ**

၇-၂-၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၈-၂-၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

စည်ပင်သာယာဒုတိယအင်ဂျင်နီယာချုပ် ကျေးလက်သစ်သားတံတားတည်ဆောက်မှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းဌေးသည် ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၄ရက် နံနက်ပိုင်းက ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မင်းရွာ–ကျောင်းစု ယာဉ်ကူးသစ်သားတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိလာသည်။

စီမံကိန်းရုံးရှင်းလင်းဆောင်တွင် တိုင်းညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့က တံတားတည်ဆောက်ရေး လုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေများအား ပုံစံကားချပ်များနှင့်တကွ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယအင်ဂျင်နီယာချုပ်နှင့် အဖွဲ့သည် တံတားတည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

အဆိုပါ မင်းရွာ–ကျောင်းစုသစ်သားတံတားမှာ သနပ်ပင်–သဘော့ကန်–မင်းရွာလမ်းပေါ်တွင်တည်ရှိ၍ အရှည်ပေ ၂၅၀နှင့် အကျယ် ၁၄ပေရှိပြီး ယခုအခါ လုပ်ငန်း၏ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်သည်။

ဆက်လက်၍ ဒုတိယ အင်ဂျင်နီယာချုပ်သည် ပဲခူးမြို့ သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှုနှင့် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးပေါ်ရှိလမ်းလယ်ကျွန်းများတွင် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများကိုကြည့်ရှုစစ်ဆေး၍လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဇန်နဝါရီ ၂၆ ရက်က ကျင်းပသော အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေသောအမှုများ လျှော့လာ စိစစ်အကြံပြုရေးကော်မတီ (၁၂)ကြိမ် မြောက် အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

အထက(၆)ဗိုလ်တထောင် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အထက(၆)ကျောင်းတွင် ၁၉၆၅ခုနှစ်မှ ၁၉၈၀ခုနှစ်၊၁၉၈၁ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အတွင်း သုံးနှစ်ဆက်တိုက် ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲအခမ်းအနားကို (နှစ်ပိုင်းခွဲ)၍ ယင်းကျောင်းရှိ အောင်ဆန်းခန်းမ၌ မတ် ၂ရက် (အင်္ဂါနေ့)တွင် ပထမပိုင်းကို နံနက် ၈နာရီ၌ (၁၉၆၅–၁၉၈၀) ပြည့်နှစ် ဆရာကြီး၊ ဆရာမကြီးများနှင့် ဒုတိယပိုင်းကို နံနက် ၁၁နာရီတွင် (၁၉၈၁–၁၉၉၀)ခုနှစ် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲအခမ်း အနား ကျင်းပမည်ဖြစ်၍ ကျောင်းသားဟောင်းများ စုံစုံညီညီတက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကို လှူဒါန်းလိုပါက ဦးမောင်မောင်အေး ဖုန်း–၂၂၇၃၂၂၊ ဦးကျော်ဝင်း ဖုန်း–၂၀၀၃၁၀၊ ဦးကျော်ဦးမြင့် ဖုန်း–၅၁၄၃၀၈၊ ဦးနေမိုး ဖုန်း–၅၂၇၁၀၂၊ ဦးကျော်ရင် ဖုန်း–၆၉၀၂၈၉၊ ဦးသက်ချိုဦး ဖုန်း–၂၄၆၄၇၀၊ ဦးဝင်းလှိုင်ညွှန့် ဖုန်း–၂၄၆၃၁၃၊ ဦးမျိုးမင်း ဖုန်း–၅၆၅၅၉၅၊ ဦးတင်မောင်ထွေး ဖုန်း–၂၄၀၀၁၅၊ ဦးမြင့်ထွန်း ဖုန်း–၂၄၉၃၅၉၊ ဦးခင်မောင်သန်း ဖုန်း–၂၅၄၇၅၀၊ ဦးဇော်မင်းထွန်း ဖုန်း–၂၀၁၇၇၃၊ ဦးနေဝင်းအောင် ၁၃၅(ပ–လွှာ) ၄၇လမ်း ဗိုလ်တထောင်၊ ဦးနေသူထွန်း ဖုန်း–၂၉၆၇၆၇၊ ဦးတေဇာအောင်လွင် ဖုန်း–၂၉၆၆၃၅၊ ဦးညီမြင်း ဖုန်း–၂၉၉၂၇၄၊ ဒေါ်စောကြည်ဖုန်း–၂၂၂၁၆၁၊ ဒေါ်မြမြ ဖုန်း–၆၆၃၅၁၉၊ ဒေါ်ခင်တင့်၊ ဒေါ်မေမေသင်း ဖုန်း–၂၂၉၀၅၉တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က–ပ)**

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်လုံးဆိုင်ရာ (၄၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ပဲခူးတိုင်းသနပ်ပင်မြို့ ဘူတာပိုင်းရပ်ကွက် ဓမ္မပါလကျောင်းတိုက် ပဓာနနာယက ဆရာတော် နယ်လှည့်ဓမ္မကထိက အရှင်နေမိန္ဒာ

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

လင်္ကာရ (ပဲခူး/သနပ်ပင်)မှ ဇန်နဝါရီ ၂၆ရက် ညတွင် စမ်းရေတွင်းလမ်း မိသားစု စံကျောင်းဓမ္မသဘင်၌ လည်းကောင်း၊ ၂၈ရက် ညတွင် အေးစေတီလမ်း မိသားစု စံကျောင်းဓမ္မသဘင်၌ လည်းကောင်း၊ ၂၉ရက် ညတွင် မှန်ရဝေလမ်း မိသားစု စံကျောင်း ဓမ္မသဘင်၌လည်းကောင်း ဟောကြားတော်မူခဲ့ကြပြီး ၃၀ ရက် ညတွင် အေးစေတီလမ်း မိသားစု စံကျောင်းဓမ္မသဘင်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်သည်။

(က–ပ)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်စခန်းကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း တိုက်ကြီးမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ် ၂၆၀ တွင် (တပို့တွဲလဆုတ် ၅ ရက်မှ ၁၁ ရက်) ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ရက်အထိ ခုနစ်ရက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ကြီး၏ (နာယက) ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဘဒ္ဒန္တ အဂ္ဂညာဏ အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စ သမုပ္ပာဒ်နှင့်သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားဝင် တရားအားထုတ်လိုကြသော ယောဂီများ (တပို့တွဲလပြည့်ကျော် ၄ ရက်) ဖေဖော်ဝါရီ ၁၀ရက် ညနေ ၅နာရီအရောက် မင်္ဂလာရပ်ကွက်စံပြ ၁လမ်းရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာသို့ ကြွရောက်ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ရေစကြို အထက (၁) ပညာရည်ချွန်ဆုပေးအပ်

ရေစကြို ဇန်နဝါရီ ၁၀

၂၀၀၃–၂၀၀၄ ပညာသင်နှစ် ဘက်စုံပညာထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ရေစကြိုမြို့ အမှတ်(၁) အထက်တန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်ရင်က အမှာစကားပြောကြားပြီး ဆုများအသီးသီးပေးအပ်သည်။

ဆက်လက်၍ဒေါက်တာဦးကျော်ဌေး (မေတ္တာမွန်ဆေးတိုက်)က မျက်ကြည်လှူဝအမှတ်တံဆိပ်ပါ ဗလာစာအုပ်များကို သူငယ်တန်းမှ ဒသမတန်းအထိ အတန်းလိုက် ဘာသာစုံ ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသောထူးချွန်ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်သည်။ ထို့အပြင် ယင်းဆေးတိုက်မှ ရေစကြိုမြို့နယ် ကုက္ကိုစုကျေးရွာ တွဲဖက်အထက်တန်းကျောင်း၌လည်း ကျောင်းအလှူရှင် မူလတန်းကျောင်းအုပ်ကြီး ဦးစံလင်းအမှတ်တရ နှစ်စဉ် ပညာရည်ချွန် ဆုပေးနိုင်ရန် ရန်ပုံငွေတစ်ရပ် ထူထောင်ထားကြောင်း သိရသည်။ **(က–ပ)**

သာသနာ့နဂ္ဂဟ ပရိယတ္တိစာမေးပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

လှိုင်သာယာမြို့နယ် ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့က ကြီးမှူး ကျင်းပသော ပဉ္စမအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သာသနနုဂ္ဂဟ ပရိယတ္တိစာမေးပွဲကို ဇန်နဝါရီ ၂၄ရက်က အမက(၂၄)ကျောင်း၌ ကျင်းပရာ သံဃနာယကဥက္ကဋ္ဌ ဦးသုစိတ္တဉာဏနှင့် မြို့နယ်စာမေးပွဲကော်မတီ ဥက္ကဋ္ဌဆရာတော်တို့က ကြီးကြပ်ဆောင်ရွက်တော်မူကြကြောင်း သိရသည်။**(က–ပ)**

စိစစ်ရေးကတ်

ဇန်နဝါရီ ၅ ရက်က မွန်ပြည်နယ် ကျိုက်မရောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဘိန်းဈေးကျေးရွာအုပ်စုရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲတွင် မြို့နယ်ဦးစီးဌာနမှူး ဦးစိန်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ်လဝက)

အိမ်အလှဆင်နှင့်ဆောက်လုပ်ရေးလုပ်ငန်းများဆက်သွယ်နိုင်

ရန်ကုန် ဇန်နဝါရီ ၂၉

Three Friends Co., Ltd. မှ မျက်နှာကြက်အခန်းဖွဲ့ခြင်းအတွက် မီးဒဏ်ခံ၊ ရေစိုခံ အသံလုံစနစ်ရှိ မီးခံပြား၊ ဖိုင်ဘာတံခါး ဒီဇိုင်းအသစ်များ၊ ပလာစတာကောနစ်များနှင့် အခြားဆက်စပ်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာ စွာဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

Three Friends Design, Decoration Engineering Group မှလည်း အဆောက်အအုံများ ဒီဇိုင်းဆွဲပေးခြင်း၊ PAE စနစ်ဖြင့် ပုတ်ပြတ်ဆောက်လုပ်ပေးခြင်း၊ ကြီးကြပ်ခဖြင့် ဆောက်လုပ်ပေးခြင်း၊ အိမ်တွင်းအလှဆင်ခြင်း လုပ်ငန်းများဖြစ်သော မျက်နှာကြက်အခန်းကာမှန်၊ အလူမီနီယံ၊ ကောနစ်၊ ပါကေးခင်းခြင်း၊ ဆေးသုတ်ခြင်း၊ သံပန်းတံခါး၊ လိပ်တံခါးများတပ်ဆင်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းပေးခြင်း လုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်ပေးလျက်ရှိသည်။

စိတ်ပါဝင်စားသူများသည် Three Friends Co., Ltd. ၄၄–အေ(၁) ကျိုတော်အိမ်ရာ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနအနောက် မင်္ဂလာတောင်ညွှန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၂၀၁၁၂၁၊ ၂၉၄၈၆၄၊ ၀၉–၈၀–၃၄၄၃၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဇန်နဝါရီ ၂၃ရက်က ပန်းတနော်မြို့နယ် ရွှေလှေ အထက တွင် (၂၀၀၃–၂၀၀၄)ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပရာ တတိယတန်းမှ ပညာရည်ချွန်ဆုရ မရည်မွန်ဇော်အား ကျောင်းအုပ်ဆရာကြီး ဦးတင်လှက ဆုချီးမြှင့်စဉ်။

(က–ပ)

ဇန်နဝါရီ ၂၅ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၃၂) ရပ်ကွက် တပ်ခွဲ(၁) တပ်စု(၁) အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ တူညီဝတ်စုံပေးအပ်ပွဲနှင့်မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို ဇန်နဝါရီ ၂၅ ရက်က ရပ်ကွက်ရုံးခန်းမတွင် ကျင်းပပြီး အလှူရှင်များ လှူဒါန်းသော တူညီဝတ်စုံများအား ရပ်ကွက် ဥက္ကဋ္ဌ ဦးသိန်းထွန်းက ပေးအပ် လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လှိုင်ထံ ပေးအပ်စဉ်။

(၄၀၀)

မွေးနေ့မင်္ဂလာဆုတောင်း

ဦးမင်းသိမ်းစိုး(ခ)ဦးဘိုဘို

2nd Officer Uniteam Shipping
M.V Barcelona Bridge

၃၀-၁-၂၀၀၄ ရက်တွင်ကျရောက်သော ချစ်ခင်ပွန်းရဲ့ နှစ်(၄၀)ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ချစ်ဇနီး၊ ချစ်သားများနှင့်အတူ ကျန်းမာချမ်းသာ ပျော်ရွှင်မှုများစွာဖြင့် ဘဝခရီးမှာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်ဇနီး-ဒေါ်မျိုးမျိုးအောင်
ချစ်သားကြီး-ခွဲပြည့်လင်း[TTC ပြည်လမ်း I(H)]
ချစ်သားငယ်-ဟိန်းစည်သူ

BRIGHTER

အဆင့်မြင့် ခန်းဆီးလိုက်ကာ

Contact Lens

ဒါ(လ်)မင်းမျက်မှန်ဆိုင်

Ph - 707652, 8:30 AM to 7:00 PM

အများသိစေရန် သတိပေးတားမြစ်ချက်

ပတ်ဗလစ်ကာ မော်တော်ယာဉ် အမှတ် သ/၇၇၅၂သည် ကျွန်မဒေါ်ပြုံးကြည် ၁၂/ဥကတ(နိုင်) ၁၀၅၂၁၆နှင့် ခင်ပွန်းတို့ပိုင်ဆိုင်သော မော်တော်ယာဉ်ဖြစ်ပါသည်။ ယင်းမော်တော်ယာဉ်နှင့်ပတ်သက်သည့် စာချုပ်၊ လိုင်စင်၊ စာအုပ်၊ စာရွက်စာတမ်းများမှာ ကျွန်မ၏လက်ဝယ်တွင်သာရှိပါသဖြင့် ယင်းမော်တော်ယာဉ်အား လွှဲပြောင်း၊ ဟုရမ်း၊ပေါင်နှံ၊ ရောင်းချ၊ ဖျောက်ဖျက်ခွင့် မရှိပါကြောင်း အများသိစေရန် သတိပေးတားမြစ်အပ်ပါသည်။

ဒေါ်ပြုံးကြည်
၁၂/ဥကတ(နိုင်)၁၀၅၂၁၆

မျက်နှာဖုံး အပ်ပေပါဖြင့်

ထွက်ပြီ

ရောင်းဈေး ၂၀/-ကျပ်

☞ နောက်ဆုံးဖြစ်ပျက်ခဲ့သော ကမ္ဘာ့ရေးရာသတင်းများ၊ ပြည်ပဘောလုံးပွဲ၊ ပြည်တွင်း အားကစားပွဲများ၊

☞ ဖတ်စရာမှတ်စရာများ စုံလင်စွာဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။

ဆက်သွယ်နိုင်ပါသည် (ကိုယ်စားလှယ်ယူလိုသူများ၊ ကြော်ငြာထည့်သွင်းလိုသူများ) မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်။ ဖုန်း-၅၄၄၃၁၃ ၊ ၅၄၄၃၁၇ ၊ (သတင်းစာကိုယ်စားလှယ်များထံတွင် မှာယူပါက အိမ်တိုင်ရာရောက် ပို့ပေးပါသည်။)

လှဟန် နှင့် သားများ

YANGON JOHNSA

ဂြိုဟ်တုစလောင်းတပ်ဆင် ဖြန့်ချိရေးပင်ရင်း



ဆိုင်

အမှတ်(၃၉၈)၊ အရှေ့ရွှေဂုံတိုင်လမ်း၊တာမွေမီးပွိုင့်အနီး၊
ဗဟန်းမြို့နယ်။ ☎ ၀၁-၅၄၉၈၉၆၊ ၀၉-၅၀၀-၃၇၈၄

စက်ရုံ

အမှတ် (၁၁၂/၁၁၃)၊ ပန်းလောင်လမ်း၊ စက်မှုဇုန်(၂)၊
တောင်ဒဂုံမြို့နယ်။ ☎ ၀၁-၅၉၀၀၁၉

အများသိစေရန် သတိပေးတားမြစ်ခြင်း

L.L.B.,D.B.L. | L.L.B.,D.B.L. | L.L.B.,D.B.L.

ဇန်နဝါရီ ၂၅ ရက်ကရန်ကုန်-ရမ်းဗြဲမြို့နယ်အသင်းဥက္ကဋ္ဌ ဦးချမ်းမောင်နှင့် ဒုတိယဥက္ကဋ္ဌ(သီဟသုဓမ္မမဏိဇောတဓရ) (သီရိသုဓမ္မ မဏိဇောတဓရ) ဦးသန်းနိုင် (သမ္မတသက်န်းတိုက်)တို့က ဦးခင်မောင်ဝင်း (ရွှေမေတ္တာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) (သီရိသုဓမ္မမဏိဇောတဓရ)ဘွဲ့ ရရှိခြင်းအတွက် ဝမ်းမြောက် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။

(က-ပ)

ရေသန့်ရရှိရေးဆောင်ရွက်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

သုဝဏ္ဏမြို့နယ်(၂၉)နှင့်(၃၀)ရပ်ကွက်အတွင်း ရေသန့်ရရှိရေးအတွက် စတင် ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်သည်။ ကနဦးတစ်ကြိမ်တည်းသာ ရေကိုသွယ်တန်းပေးမည်ဖြစ်ရာ မြေကွက်ပိုင်ရှင်များ အနေဖြင့် ရေသန့်မရမရှိရအောင် ဇန်နဝါရီ ၃၁ရက်နောက်ဆုံးထား၍ ဖုန်း-၅၇၁၅၀၃နှင့် ဖုန်း-၅၆၁၉၁၆သို့ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားသည်။

(က-ပ)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အလွတ်တန်းဂိုးလတ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ရက်က သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်အားကစားပြိုင်ကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေဝင်း အဖွင့်အမှာစကားပြောကြားစဉ်။

(၀၅၂)

လှည်းကူးမြို့နယ်တွင် ပထမပြန်စာမေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

လှည်းကူးမြို့နယ် ပရိယတ္တိသာသနာ့နုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် လှည်းကူးမြို့နယ်လုံးဆိုင်ရာ ပထမပြန်စာမေးပွဲကို ဇန်နဝါရီ၂၂ရက်က စတင်၍ လှည်းကူးမြို့ နိဗ္ဗာန်ဆိပ်ဦး ဓမ္မာရုံတွင် ကျင်းပရာ သြဝါဒါစရိယ ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ အမှူးပြုသော သြဝါဒါစရိယ ဆရာတော်ကြီးများ၊ လှည်းကူးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မလင်္ကာရ အမှူးပြုသော နာယကဆရာတော်ကြီးများနှင့် စာမေးပွဲကြီးကြပ်ရေးအဖွဲ့မှ ဆရာတော်များ ကြွရောက်တော်မူကြသည်။

အဆိုပါစာမေးပွဲတွင် အခြေပြု မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့၌ သာမဏေ၊ သီလရှင်စုစုပေါင်း ၁၁၇ပါးဝင်ရောက်ဖြေဆိုတော်မူကြသည်။ **(အပေါ်ပုံ)**

မွေးနေ့ဆုတောင်း

သမီးရွှေစင်နု B.Sc Eng. (F-T) တတိယနှစ် ရန်ကုန်တက္ကသိုလ် ၃၁-၁-၂၀၀၄ ရက်တွင် ကျရောက်သော (၁၈)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ ဖေဖေ၊ မေမေတို့၏ သမီးကောင်းရတနာလေး ဖြစ်ပါစေလို့-

ဖေဖေ-ဦးတင်လှ
မကွေးဒေသ (ရောင်း/စက်)
မေမေ-ဒေါ်ယဉ်ယဉ်နု
(အသေးစားငွေချေး၊ သာယာဝတီ)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာ ခန့်ထားရန်)

(၁) ယာဉ်မောင်း ကျား(၁၀)ဦး
(၂) စက်ပြင် ကျား(၂) ဦး
(၃) ရုံးစာရေး ကျား(၁) ဦး

အမှတ်စဉ် (၁) အတွက် အင်္ဂလိပ်စကားပြော ကျွမ်းကျင်သူကို ဦးစားပေးမည်။

အမှတ်စဉ် (၃) အတွက် နေ့၊ ညမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။ မော်တော်ယာဉ်အကြောင်း ကျွမ်းကျင်နားလည်ရမည်။

လျှောက်ထားသူများသည် အောက်ပါလိပ်စာသို့ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်နှင့်တကွ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။ အင်္ဂလိပ်စကားပြော နားလည်ကျွမ်းကျင်နိုင်ရမည်။

Golden Pond Tours & Travels Co.,Ltd.
အမှတ် ၆၉ အီး၊ပြည်လမ်း၊ ၆ မိုင်ခွဲ
လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၅၃၈၆၈၂၊ ၅၃၈၆၇၄၊ ၅၂၆၅၁၈၊ ၅၂၅၁၄၈

ရောင်းချရန်ကြော်ငြာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၂၈၁

အာရှဓနဘဏ်လီမိတက် (၎င်းကိုယ်စားချေးငွေ မန်နေဂျာ ဦးဝင်းမြင့်) ဗိုလ်အောင်ကျော်လမ်းဘဏ်ခွဲ	နှင့်	၁။ ဦးဆူးဘာ့စ် ၂။ ဒေါ်ဒါဘာဒေဝီ အမှတ် ၅၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်
တရားနိုင်		**တရားရှုံးများ**

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၄၇၈/၂၀၀၃ တွင် တရားလိုက ၃၀-၉-၂၀၀၃ ရက်က ချမှတ်ထားသော အနိုင်ဒီကရီအား အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို ၂၀၀၄ ခုနှစ် မတ်လ ၁၀ ရက် နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာတွင် လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင် လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာတွင် မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချရမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာလည်းရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်တည်းပေးသွင်းရမည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့် ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့် နေ့ရက်ကိုပယ်၍ ၁၅ ရက်နေ့မြောက်တွင် တရားရုံးသို့ အပြေအကြေပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်လှစ်သည့်နေ့တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင် ဤတိုင်းတရားရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာကို ထုတ်ပေးလိုက်သည်။

အောင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းတရားရုံး

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ် ၅ ဟုခေါ်တွင်သည့် အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဘီ၊ လူနေရပ်ကွက်အမှတ် နံ့သာကုန်း၊ မြေကွက်အမှတ် ၁/ချ၂-ဘီ-၂၊ မြေပိုင်မြေ လ/န(၃၉) ရရှိပြီးမြေအမျိုးအစား၊ ဧရိယာ ၀ ဒသမ ၀၄၁ ဧကမြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်အုတ်ညှပ် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(လက်ရှိတရားရှုံးများကိုယ်တိုင် နေထိုင်သည်)
ကြမ်းခင်းဈေး ကျပ် ၄၅၀၀၀၀၀ (ကျပ် ၄၅ သိန်းတိတိ)

အမြန်အလိုရှိသည်

(ပြည်တွင်း၌ခန့်ထားရန်)

Central Engineering & Construction Co., Ltd. (CEC) တွင်တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိသည်။

၁။ ရေနှင့် မိလ္လာပိုက်ကျွမ်းကျင်သူ (၂၀) ဦး
၂။ အဲယားကွန်း Duct Work တပ်ဆင်ရာတွင် ကျွမ်းကျင်သူ (၂၀) ဦး
၃။ အဲယားကွန်း Duct ပုံး ထုတ်လုပ်ရာတွင် ကျွမ်းကျင်သူ (၁၀) ဦး
၄။ ဂဟေဆော်ကျွမ်းကျင်သူ(Arc Welder, Gas Welder) (၁၀) ဦး
၅။ လျှပ်စစ်ကျွမ်းကျင်သူ (၃၀) ဦး
၆။ အထွေထွေလုပ်သား (၄၀) ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်(CV)၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင် မိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

မှတ်ချက်။ ရန်ကုန်တွင်ရှိသော စီမံကိန်းအတွက်ဖြစ်သည်။ အရည်အချင်းကိုလိုက်၍ ကောင်းမွန်သောလုပ်အားခပေးမည်။ အတွေ့အကြုံရှိသော လူဟောင်းများကို အထူးစဉ်းစားပေးမည်။

ဆက်သွယ်ရန်-

အမှတ် ၉၆၊ ရတနာမြိုင်လမ်း၊ ရန်ကုန်-အင်းစိန်လမ်း (အနောက်ဘက်ခြမ်း)၊ စံရိပ်ငြိမ်မှတ်တိုင်၊ လှည်းတန်းလမ်းဆုံအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၂၇၀၉၇၊ ၅၃၈၀၃၀၊ ၅၃၉၄၈၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်
(၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ဝင်ငွေ၊ပုဂ္ဂလိကဝင်ငွေ၊အမျိုးသားဝင်ငွေများ တိုးတက်ရရှိရန်နှင့် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက် တိုးတက်ဖြစ်ထွန်းရန်စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၄ခုနှစ် မတ်လတွင် (၄၁)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များများတက်ရောက်စေရန် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ ရတနာကုန်သည်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ရတနာပြပွဲတွင် သင့်တော်သည့် အခြေခံ ရောင်းဈေးသတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်ဖြစ်၍ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်၍ တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်ရတနာပြပွဲများအတိုင်း ရောင်းရငွေများအမြန်ရရှိရေး၊ ပြည်ပမှ ရတနာကုန်သည်များ ဝယ်ယူသည့် ကျောက်မျက်ရတနာ များကို ပြည်ပသို့ အမြန်တင်ပို့ရေး၊ နိုင်ငံသားများ၏ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning)အဖြစ်သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာ လုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၆ရက်မှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်)တွင် သတ်မှတ်ချက်များနှင့်အညီ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)နှင့်၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေခံပြုသည့် ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန (စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့ အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါလုပ်ငန်း၊ ဌာန၊ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ဆုတောင်းမင်္ဂလာ

၂၇-၁-၂၀၀၄ (အင်္ဂါနေ့) နံနက်ပိုင်းတွင် ဦးလှဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) Grand Wynn Enterprise Co., Ltd. ၏ဇနီး ဒေါ်နှင်းပန်းခိုင်သည် S.S.C ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် အမြွှာညီအစ်ကို ကို မွေးဖွားကြောင်း သိရသည့်အတွက် မိခင်ရောကလေးများပါ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

Grand Wynn မိသားစု

မြင့်မိုရ်ဦး (M.M.O) ခရီးသွားလုပ်ငန်းမှ မြို့တွင်း၊ မြို့ပြင်၊ လချုပ်ကားစီးလုံးငှားသည်။ ၂၄ နာရီ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
ဖုန်း-၀၉ ၅၀ ၁၂၅၁၉၊ ၆၅၁၈၃၃

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်ဆွေ (ခ)ကိုကို
U.K သကြားစက်နှင့်ပွဲရုံလုပ်ငန်း

ပျော်ဘွယ်မြို့ မန္တလေးတန်းရပ်နေ (ဦးကြီးခိုင်)-ဒေါ်ကြည်၏သားကြီး၊ ဦးခင်မောင်လွင်- ဒေါ်ချို၊ ကိုအောင်သန်းဝင်း၊ ကိုအောင်မြင့်ဝင်းတို့၏အစ်ကို၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ မမေကြည်ခိုင်၏ ဖခင်ဖြစ်သူ ဦးမြင့်ဆွေ(ခ)ကိုကိုသည် ၁၆-၁-၂၀၀၄ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျစ်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဦးတင့်အောင်(အရိုးအထူးကုဆရာဝန်ကြီး)
ပုသိမ်မြို့နှင့်ညီများ

ဦးနေလင်းမောင် (ဘိုကလေး)
အသက် (၄၅)နှစ်

ဘိုကလေးမြို့ ၃ ရပ်ကွက်၊ ၆ ဖြတ်လမ်း၊ အမှတ် ၈ နေ (ဦးကြည်မြင့်)-ဒေါ်အုန်း (ကုန်စုံဆိုင်)တို့၏သားကြီး၊ မြို့မ ၂ရပ်ကွက်၊ အောင်စကြာ ဘုရားလမ်းနေ (ဦးသိန်းအောင်)-ဒေါ်စန်းမြင့် (ဆင်ညီနောင်ဆေးလိပ်ခုံ)တို့၏ သားသမက်၊ ဘိုကလေးမြို့ ၃ ရပ်ကွက်၊ ၆ ဖြတ်လမ်း၊ အမှတ် ၁၀ နေ ဒေါ်သန်းသန်းချို၏ခင်ပွန်း၊ မဇာကြည်ကြည်လင်း (နောက်ဆုံးနှစ်-အင်္ဂလိပ်စာ)၊ မဇာနည်နည်လင်း (ပထမနှစ်-ရူပဗေဒ)၊ မရည်ရည်ဝေလင်း(ဒသမတန်း-အေ၊ အထက ၁)၊ မအေးစန္ဒာလင်း(ဆဋ္ဌမတန်း-အေ၊ အထက ၁)၊မောင်ဇေယျာလင်းမောင်(ပဉ္စမတန်း-အေ၊ အထက ၁)၊ မောင်အောင်ကိုကိုသန့်တို့၏ ဖခင်သည် ၂၄-၁-၂၀၀၄ ရက်(စနေနေ့) နံနက် ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၀၄ ရက် (တနင်္လာနေ့) တွင် ဘိုကလေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပြီးဖြစ်ကြောင်း။

ကျန်ရစ်သူမိသားစု

အမွေပြတ်စွန့်လွှတ်ခြင်း

သမီးဖြစ်သူ မသဉ္ဇာသက်သက်ထွန်း (SRM-092496) သည် မိသားစု၏ သဘောဆန္ဒများကို ရယူခြင်း၊ အသိပေးခြင်း လုံးဝမရှိသည်သာမက မိသားစု၏ အကျိုးကိုပင် ထိခိုက်နစ်နာစေသည့် ဆောင်ရွက်ချက်များပြုပြီးနောက် မည်သူကိုမျှ အသိပေးခြင်းမရှိဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှသော်လည်းကောင်း၊ မိသားစုဝင်အဖြစ်မှ သော်လည်းကောင်း အပြီးအပိုင်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်လုံးဝမယူပါကြောင်း ကြေညာအပ်ပါသည်။

ဦးထွန်းကြည်
ဒေါ်ခင်သန်းတင်နှင့် မိသားစု

သုံးဆယ်မြို့အသင်း(ရန်ကုန်)
ဒေါ်ထားရှင်
အသက် (၇၂)နှစ်

သုံးဆယ်မြို့နေ (ဦးငွေဒင်-ဒေါ်ခင်ကြီး)တို့၏သမီး၊ ဒေါ်ခင်တင့်၊ ဦးသန်းကြည်၊ ဒေါ်တင်နု၊ ဒေါ်ထားတင်တို့၏ ညီမဖြစ်သူ ဒေါ်ထားရှင်(ရာသက်ပန်အသင်းဝင်)သည် ၂၂-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၀၄ ရက်တွင် သုံးဆယ်မြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊သိမ်၊တန်ဆောင်း၊တံတိုင်းဒါယကာကြီး
ဦးညိမ်းမောင် (ရွှေဘို၊ သီလုံးရွာ)
ဒု–ညွှန်ကြားရေးမှူး(ငြိမ်း)၊ လူဝင်မှုကြီးကြပ်ရေး(ရုံးချုပ်)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ မဥ္ဇူလမ်းသွယ် ၃၊ အမှတ် ၁၂(ည)နေ(ဦးဘိုလေး–ဒေါ်စံတင်)တို့၏သား၊ (ဦးကျော်ဆင့်–ဒေါ်စိန်ကြည်)တို့၏သားသမက်၊ ဒေါ်ခင်မျိုးဆင့်၏ခင်ပွန်း၊ ရွှေဘိုမြို့နေ (ဦးရွှင်) ဒေါ်မြတင်၊ ဦးလှမောင် ဒေါ်မြခင်တို့၏တူ၊ ဒေါ်ခင်ရီ၊ (ဦးချစ်အုန်း) ဒေါ်ညွှန့်ယဉ်၊ (ဦးချစ်ပြုံး) ဒေါ်ခင်သန်းယု၊ (ဗိုလ်မှူးသူရခင်မောင်ရင်)–ဒေါ်ဆွေဆွေသန်း၊ ဒေါ်လင်းလင်း–ဦးမောင်မောင်အုန်းတို့၏အစ်ကိုကြီး၊ တူ တူမ ၁၃ ယောက်တို့၏ဘကြီးသည် ၂၉–၁–၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁–၁–၂၀၀၄ရက် (စနေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊တန်ဆောင်း၊တံတိုင်းဒါယကာကြီး
ဦးညိမ်းမောင် (ရွှေဘို၊ သီလုံးရွာ)
ဒု–ညွှန်ကြားရေးမှူး(ငြိမ်း)၊ လူဝင်မှုကြီးကြပ်ရေး(ရုံးချုပ်)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဥ္ဇူလမ်းသွယ် ၃၊ အမှတ် ၁၂(ည)နေ (ဦးဘိုလေး–ဒေါ်စံတင်)တို့၏သား၊ (ဦးကျော်ဆင့်–ဒေါ်စိန်ကြည်)တို့၏သားသမက်၊ ဒေါ်ခင်မျိုးဆင့်၏ခင်ပွန်း၊ ဒေါ်နီလာညိမ်းမောင်–ဒေါက်တာရဲမြင့်(U-S-A)၊ ဦးသူရ–ဒေါ်မိုးမိုးလွင်(U-S-A)၊ မသဇင်ညိမ်း(U-S-A)၊ ဦးသိန်းထိုက်–ဒေါ်နော်ကာမြင့်(U-S-A)တို့၏ဖခင်၊ နိုင်ထူးမြင့်၊ ဝင်းဝင်းခိုင်၊ မေသူရတို့၏အဘိုးသည် ၂၉–၁–၂၀၀၄ရက် နံနက် ၆း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁–၁–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ကိုကိုဇော်
အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် ၁၂၊ အခန်း ၁၇ နေ(ဦးစိန်ဟန်)–ဒေါ်ခင်ဆွေတို့၏သားငယ်၊ ကိုရဲထွဋ်–မသန္တာဟန် (ဗဟိုဘဏ်)၊ကိုခင်ဇော်သိန်း–မနီလာဟန်၊ ကိုဝင်းနိုင်–မတင်မာဟန်၊ ကိုရဲဆွေ–မအေးမြတ်ဟန်၊ ကိုဝင်းဇော်–မသွယ်သွယ်ဟန်တို့၏မောင်၊ မသဲမြတ်ထက်၊ မအိအိ ခိုင်၊ မပန်းယုမော်၊ မောင်ကောင်းသာထက်၊ မအေးချမ်းပို၊ မမြတ်နိုးဆွေ၊ ဖိုးသားလေးတို့၏ဦးလေးသည် ၂၉–၁–၂၀၀၄ရက် နံနက် ၁း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကုဆောင်၌ ကွယ်လွန်သွားပါ၍ ၃၁–၁–၂၀၀၄ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်ခင်စိန်
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၇ လမ်း၊ အမှတ် ၁၁၉နေ (ဦးညို)၏ဇနီး၊ ကိုစိန်မြင့်–မစန္ဒာဦး၊ ဦးမောင်မောင်စိန်–မစုကြည်၊ ဦးစိန်တင့်၊ ဦးစိန်ညိုတို့၏မိခင်၊ မယဉ်ယဉ်မင်း၏ အဘွားသည် ၂၈–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁–၂–၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား သိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စောညွှန့်
(ကွင်းကောက်ရွာ)
အသက်(၈၄)နှစ်

ကွင်းကောက်ရွာနေ (ဦးဘိုးထယ်–ဒေါ်မမလေး)တို့၏သမီး၊ ဦးအောင်ဉာဏ်၏ဇနီး၊ဒေါ်ယဉ်သိန်း၊ (ဒေါ်ဝါဝါ)၊ ဦးထွန်းလှရွှေ၊ ဒေါ်တီတီ၊ ဦးငွေတိုး–ဒေါ်စန်းဦး (အမှတ်–၁၊ အခြေခံပညာ ဦးစီးဌာန)တို့၏မိခင်သည် ၂၇–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက်တွင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ် သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဘသော်
(စစ်တွေမြို့)
အသက်(၆၄)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊အမှတ် ၁၄၁၊ ဦးအောင်ထွန်းဦးလမ်းနေ(ဦးဦးသာ–ဒေါ်မစိန်သာ)တို့၏သားလတ်၊(ဒေါ်ခင်စောညွှန့်)၏ခင်ပွန်း၊ (ဦးဘမော်)–ဒေါ်မထွားခင်၊ ဦးစောသိန်း–ဒေါ်အေးကြည်တို့၏ညီ/အစ်ကို၊ ဦးဇော်ဇော်သော်–ဒေါ်မလှတင်၊ ဦးကျော်ကျော်သော်–ဒေါ်ကေသွယ်ခိုင်၊ ဦးမောင်မောင်ဦး–ဒေါ်မီမီသော်၊ ဦးတင်ငြိမ်းဦး–ဒေါ်မော်မော်သော်၊ မောင်စိုးမိုးသော်၊ မဖြူဇင်သော်တို့၏ဖခင်၊ မောင်အောင်သော်ကို၊ မောင်သန်းထိုက်ဇော်၊ မောင်ကျော်ဇင်ခန့်တို့၏အဘိုးသည် ၂၉–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် အမှတ် ၂၂၊ ၈၈ လမ်း၊ ကန်နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင် ကွယ်လွန်သွားပါသဖြင့် ၁–၂–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လုံးမ
(ဆင်တက်မော်ကျေးရွာ)
အသက်(၆၇)နှစ်

ရခိုင်ပြည်နယ်၊ပေါက်တောမြို့နယ်၊ ဆင်တက်မော်ကျေးရွာနေ (ဦးကျော်လှအောင်)–ဒေါ်စံခိုင်ဖြူတို့၏သမီး၊ (ဦးစိန်ချေ)၏ဇနီး၊ ဦးဘသိန်း၊ မသန်းသန်းလှ၊ မသန်းသန်းမြ(မသန်းသန်းလေး)၊ကိုကျော်မိုး၊ မသန်းသန်းနွဲ့၊ မောင်ဘသန်း၊ မောင်ဘတင်၊ မထွေးထွေးမြိုင်တို့၏ မိခင်သည် ၂၉–၁–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၃၁–၁–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းကြည်
(မော်လမြိုင်)
အသက်(၆၀)

ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက်၊ နှယ်သာကီ ၃ လမ်း၊ အမှတ် ၆၁၃ နေ(ဦးလင်းထိန်–ဒေါ်ကျင်မွေး)တို့၏သမီး၊ ပုလောမြို့နေ (ဦးထူးသင်–ဒေါ်ပို)တို့၏သမီးချွေးမ၊ ဦးထွန်းရွှေ–ဒေါ်သက်ရှည်တို့၏တူမ၊ (ဦးအောင်ကြည်) (စစ်တောင်းစက္ကူစက်)၏ဇနီး၊ ကိုကျော်ဇော(Diethelm & Co., Ltd.)၏မိခင်သည် ၂၉–၁–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁–၁–၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်
(ကမ–၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ဘ/၂၃၅၈ မော်တော်ယာဉ်လက်ဝယ်ရှိသူမှမော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ရဟန်းဒါယိကာမကြီး
ဒေါ်မြမြ (ကြို့ပင်ကောက်)
အသက်(၇၆)နှစ်

ရန်ကင်းမြို့နယ်၊ အမှတ် ၁၃၀/၁၂၊ သစ္စာရိပ်သာလမ်းနေ (ဦးကျော်လင်း–ဒေါ်ကျင်)တို့၏သမီး၊ (ဦးအောင်မြင့်–ဒေါ်ခင်ခင်ထွေး)တို့၏ညီမ၊ (ဦးတင်မောင်)၏ဇနီး၊ ဦးမြင့်ဦး–ဒေါ်စလိုမီ၊ ဒေါ်နန်းခင်ရွှေ၊ ဒေါက်တာဟန်စိန်–ဒေါ်ခင်မေယု၊ ဦးခင်မောင်လတ်–ဒေါ်ခင်ခင်လေး၊ ဒေါက်တာသိန်းကျော်–ဒေါ်မာလာမြင့်၊ ဒေါ်သီတာအောင်၊ ဦးအောင်ဆန်းဝင်း၊ ဗိုလ်ကြီးတင်ဦး(ငြိမ်း)–ဒေါ်စန္ဒာဦး၊ ဒေါ်စန်းစန်းငွေ၊ ဦးခင်မောင်ဝင်းတို့၏မိခင်သည် ၂၉–၁–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၆း၁၀ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၁–၁–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်မြမြ (ကြို့ပင်ကောက်)
အသက်(၇၆)နှစ်

ရန်ကင်းမြို့နယ်၊ အမှတ် ၁၃၀/၁၂၊ သစ္စာရိပ်သာလမ်းနေ (ဦးကျော်လင်း–ဒေါ်ကျင်)တို့၏သမီး၊ (ဦးတင်မောင်)၏ဇနီး၊ ဗိုလ်ကြီးထွန်းထွန်းလတ်–ဒေါ်ခင်ယုမွန်၊ ဗိုလ်ကြီးမင်းမင်းလတ်–ဒေါ်မြင့်မြင့်ချို၊ မအိအိဟန်၊ မဟေဇင်ဦး၊ မဇင်မာဟန်၊ မပိုပိုကျော်၊ မောင်မြင့်မောင်မောင်၊ မောင်ဘိုဘိုလတ်၊ မတင်နှင်းယု၊ မစုစုဟန်၊ မပုံပုံတို့၏အဘွား၊ မပန်းသီရိထွန်း၊ မဆုသီရိစံတို့၏အဘွားသည် ၂၉–၁–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၆း၁၀ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၃၁–၁–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမြေး၊မြစ်တစ်စု။

ဒေါ်ကျင်ဆိုက်
(ဖောင်တော်သီမြို့)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၊ ၁ လမ်း၊ လှည်းတန်း၊ ကမာရွတ်(၃)ရပ်ကွက်နေ (ဦးဟွန်းနှား – ဒေါ်သန်းတင်)တို့၏သမီးကြီး၊ (ဦးချစ်သိန်း)၏ဇနီး၊ (ဦးယုံတီ)၊ ဒေါ်ကျင်ဘိ၊ ဦးယုံစင်–ဒေါ်ထွေး၊ ဒေါ်ကျင်ဟန်၊ ဦးချစ်မြိုင်–ဒေါ်စောမြ၊ ဒေါ်ကျင်အိ၊ ဒေါ်ကျင်ရီ၊ ဦးမြသိန်း–ဒေါ်မြင့်သိန်း၊ ဦးစိန်တီ–ဒေါက်တာသန်းသန်းဆွေ၊ ဦးခင်စော–ဒေါ်ယဉ်နု၊ ဦးစိုးအောင်–ဒေါ်အေးအေးဝင်းတို့၏ အစ်မကြီး၊ (ဦးဇော်ဝင်း)–ဒေါ်စန်းစန်း၊ ဗိုလ်မှူးကြီးမြသန်း(ငြိမ်း) – ဒေါ်ခင်လှသိန်း၊ ဦးကျော်မြင့်–ဒေါ်လှလှဝင်း၊ ဦးသစ်လွင်–ဒေါ်ခင်မော်၊ ဦးလှဝေ–ဒေါ်ခင်စန္ဒာတို့၏မိခင်၊မြေး ၁၂ယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၉–၁–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃း၁၅ နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁–၁–၂၀၀၄ရက်(စနေနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

တပ်ကြပ် တင်ထွဋ်(ခ)
တွတ်ပီ(ခ)လူပု (လှိုင်လင်)
အသက်(၃၅)နှစ်

တောင်ကြီးမြို့နေ [ဦးသိန်းဟန်(ခ) မစ္စတာဒင်း–ဒေါ်ခင်ညွှန့်]၊ လှိုင်လင်မြို့နေ (ဦးချစ်မောင်–ဒေါ်ခင်တင့်)တို့၏မြေး၊ ရန်ကုန်မြို့၊ အမှတ် ၃၆–B၊ အောင်တော်မူလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဦးညီညီ (စိုက်ပျိုးရေး၊ငြိမ်း)–ဒေါ်သိန်းမြ(ခ)မရူတီး(လှိုင်လင်)တို့၏သားထွေး၊လင်းခေးမြို့နေ(ဦးထွန်းစိန်–ဒေါ်နန်းရင်)၊ ရန်ကုန်မြို့နေ[ဦးထွန်းညွှန့်(ခ)ဆရာဆတ်ထား]–ဒေါ်ခင်အေး၊ တောင်ကြီးမြို့နေ [ဦးဖေဝင်း(ခ)ဘိုင်ဘိုင်–ဒေါ်ညွှန့်]ကျိုင်းတုံမြို့နေ ဦးမောင်မောင်(ခ)ဥူးပုညာ၊ ကျိုင်းတုံမြို့နေ (ဦးစိုးသိန်း) – ဒေါ်တင်အေး၊ လှိုင်လင်မြို့နေ ဦးထွဏ်းအောင်(ခ) ကိုပိုးကောင်–ဒေါ်အေးသိန်း၊ ရန်ကုန်မြို့ ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းဝင်းနေ [ဦးမျိုးသန့်(ခ)ကိုကိုချစ်]–ဒေါ်ခင်ထားမြင့်တို့၏တူ၊ ဦးမြင့်ဝေ–ဒေါ်အေးအေးကြူ(ခ)Bonny၊ ဦးမြင့်ထွန်း(ခ)ကိုငယ်လေး – ဒေါ်အေးအေးမူ(ခ) Dolly(ကိုငယ်လေး ဂျပန်ကား အပိုပစ္စည်းဆိုင်)၊ ဦးအောင်ညီညီ(ခ)ဆင်ပေါက်–ဒေါ်သန်းသန်းအေး (ကိုငယ်လေး ဂျပန်ကားအပိုပစ္စည်းဆိုင်)တို့၏ ညီမောင်၊ ဆရာမ ဒေါ်စိန်စိန် (အမက–၂၂၊ ဗဟန်း)၏ခင်ပွန်း၊ မောင်အောင်မျိုးထွဋ်(ခ)အာရာဖတ်(အထက–၃၊ ဒဂုံ)၏ဖခင်၊ တူ တူမ လေးယောက်တို့၏ဦးလေးသည် ၂၇–၁–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂–၂–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးအေးချို (ပြင်ဦးလွင်မြို့)
အသက်(၇၆)နှစ်

ပြင်ဦးလွင်မြို့နေ ဒေါ်ချစ်စိန်၏ခင်ပွန်း၊ ဦးဝင်းမြင့်၊ ဒေါ်ခင်မာဝင်း၊ ဦးတင်နွဲ့–ဒေါ်ခင်အေးဝင်း၊ ဦးစန်းထွန်း–ဒေါ်ခင်ချို၊ ဦးသောင်းကျော်၊ မခင်နှင်းဖြူ၊ မောင်တင်ထွန်းဇော်၊ မခင်နှင်းမူ၊ ဗိုလ်ကြီးသန်းထွေးဇော်–မဇာနည်လွင်တို့၏ဖခင်သည် ၂၇–၁–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါ၍ ၃၁–၁–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ချို(ခ)
ဦးချိုကြီးအောင်
မြန်မာ့အထည်အလိပ်(ငြိမ်း)
အသက်(၅၇)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်ခင်)–ဒေါ်ခင်စန်းလွင်တို့၏သား၊ (ဦးချစ်နိုင်)–ဒေါ်သောင်းတို့၏ သားသမက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊(၉)ရပ်ကွက်၊တိမ်ညိုဝ ၁ လမ်း၊ အမှတ် ၇၂၇ နေ ဒေါ်မြင့်မြင့်ဝေ၏ခင်ပွန်း၊ မောင်မောင်ဇင်မိုး၊ မထက်ထက်ချို (M.T.G.F)၊ မောင်အေးမိုးမောင်၊ မောင်ပြည့်စုံမိုးတို့၏ဖခင်သည် ၂၉–၁–၂၀၀၄ရက် နံနက် ၄း၃၀ နာရီတွင် မြောက်ဥက္ကလာဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၁–၁–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထားဝယ်ချောင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဒဂုံအရှေ့နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးမောင်မောင်
ဥက္ကဋ္ဌ၊ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့
(ဟသ်ာတ)
အတွင်းရေးမှူး၊မထသ(ဟသ်ာတ)
အသက်(၅၂)နှစ်

ဟင်္သာတမြို့၊ ဥယျာဉ်တောင်ရပ်၊ စစ်ကဲလမ်း၊ အမှတ် ၃၅ နေ (ဦးမောင်ရှိန်)–ဒေါ်စောမြင့်တို့၏ သားထွေး၊ ရန်ကုန်မြို့နေ ဦးတင်ဝင်း(စာရင်းစစ်မှူး၊ ငြိမ်း)–(ဒေါ်ဝင်းကြည်)၊ ဦးပါ(လ/ထ ညွှန်မှူး၊ ငြိမ်း) (ရဲရင့်ခိုင်၊ ဒဂုံဂိတ်)–ဒေါ်ကြည်ကြည်ဝင်းတို့၏ညီ၊ ဦးထွန်းဝင်း(အထက–၃၊ ဟင်္သာတ)–ဒေါ်ခိုင်သွေးရှိန်(အထပြ၊ငြိမ်း)တို့၏မောင်၊ ဒေါ်မာမာကြည်(အလပြ၊ ငြိမ်း)၏ခင်ပွန်း၊ မခင်ကြည်ကြည်မော်(B.Sc Maths)၊ မောင်နေလင်းမောင်(ပနှစ်၊ ကွန်ပျူတာတက္ကသိုလ်)တို့၏ဖခင်သည် ၂၉–၁–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁–၁–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ပွဲစားလမ်း၊ အမှတ် ၄၅ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) (ဟင်္သာတမြို့မှ လိုက်ပါပို့ဆောင်လိုသူများ ဟင်္သာတမြို့ စစ်ကဲလမ်း အမှတ် ၃၅ နေအိမ်မှ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
ဦးတောင်လုံး
(မော်လမြိုင်ကျွန်းမြို့)
အသက်(၉၀)

(ဦးလူထွား–ဒေါ်ရင်)တို့၏သား၊ (ဦးချိန်)၊(ဦးရှိန်)–ဒေါ်ရွှေ(ဒေါ်သောင်း)၊ (ဒေါ်အေးကြည်)၊ (ဒေါ်အေးစီ)တို့၏ညီ/မောင်၊ (ဒေါ်သောင်းဟန်)၊ ဒေါ်လှသွယ်၊ (ဒေါ်လှကျင်)၊ ဒေါ်ဝင်းကြည်၊ ဦးအောင်ချို၊ ဦးအောင်မြင့်–ဒေါ်မြသိန်း၊ ဒေါ်ငွေငွေရွှေ၊ ဒေါ်ငွေငွေရှိန်တို့၏ဘကြီး၊ ဦးကြီးငွေ–ဒေါ်နီ၊ ဦးကံမြင့်ထွန်းတို့၏ဦးလေး၊ ရန်ကုန်မြို့၊ ၁၁ လမ်း၊ အမှတ် ၆၂ နေ (ဒေါ်ကြီးမေ)၏ခင်ပွန်း၊ ဒေါ်ခင်ပြုံး၊ ဦးမြင့်ချို–ဒေါ်ခင်စီလွင်တို့၏ဖခင်၊ မောင်ချိုလွင်ထွန်း၊ မသဥ္ဇာအောင်၊ မောင်ညီလွင်မြင့်တို့၏အဘိုးသည် ၂၈–၁–၂၀၀၄ရက် ညနေ ၄း၁၅ နာရီတွင် အမှတ် ၄၅၊ အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ
(အငြိမ်းစား)
(ရေစကြို)
အသက်(၇၈)နှစ်

ရေစကြိုမြို့ (ဦးရှိန်–ဒေါ်နှင်းအေး)တို့၏သား၊သာကေတမြို့နယ်၊ ဇေယျာဝဏ်ရိပ်သာ၊ တိုက်အမှတ် ၈ နေ ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ ဦးအေးကိုကို (First Mate Mariner Co.)–ဒေါ်စောနွယ်မွန်(ခ)ဘုတ်ဘုတ် (မန်နေဂျာ TKK Co.)၊ ဦးစိုးကိုကို(ဌာနစုမှူး–၁၊ နိုင်ငံခြားရေး)၊ ဒေါ်မြတ်သူဇာသန်း (ဌာနစုမှူး–၁၊ နိုင်ငံခြားရေး)၊ ဒေါ်မြတ်မြတ်ကို (နည်းပြ၊ သမိုင်းဌာန၊ ထားဝယ်တက္ကသိုလ်)တို့၏အဘိုး၊ ချောစန္ဒီကို၏ အဘိုးသည် ၂၉–၁–၂၀၀၄ရက် နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁–၁–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)
နာယက
ဒုတိယဗိုလ်မှူးကြီး
မြင့်ဆွေ (ငြိမ်း)
(ရေစကြို)
အသက်(၇၈)နှစ်

ရေစကြိုမြို့(ဦးရှိန်–ဒေါ်နှင်းအေး)တို့၏သား၊ သာကေတမြို့နယ်၊ ဇေယျာဝဏ်ရိပ်သာ၊ တိုက်အမှတ် ၈ နေ ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ဦးအေးကိုကို (First Mate Mariner Co.,) – ဒေါ်စောနွယ်မွန်(ခ)ဘုတ်ဘုတ်(Manager TKK Co.,)၊ ဦးစိုးကိုကို (ဌာနစုမှူး–၁၊ နိုင်ငံခြားရေး)–ဒေါ်မြတ်သူဇာသန်း (ဌာနစုမှူး–၁၊နိုင်ငံခြားရေး)၊ဒေါ်မြတ်မြတ်ကို (နည်းပြ၊ သမိုင်းဌာန၊ ထားဝယ်တက္ကသိုလ်)တို့၏အဘိုး၊ ချောစန္ဒီကို၏ အဘိုးသည် ၂၉–၁–၂၀၀၄ရက် နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁–၁–၂၀၀၄ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့။

ဦးမောင်ညို
(အရာခံဗိုလ်၊ငြိမ်း–ရေ)
အသက်(၆၈)နှစ်

ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ် ၂၇၃ နေ (ဦးဘအောင်–ဒေါ်ညွှန့်)၊ (ဦးဘသန်း–ဒေါ်ကျင်)တို့၏သား၊ ကျော်စိုးမိုး၊ စိုးမိုးအောင်၊ ခင်အောင်မိုး–ဝါဝါခင်၊ စိုးမိုးဝင်းတို့၏ဖခင်၊ ဒေါ်သန်းသန်း၏ ခင်ပွန်းသည် ၂၆–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈–၁–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပဏ္ဍဝ
နိုင်ငံတော်သြဝါဒါစရိယ(ကျောက်ဖြူမြို့)
သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ
အင်းတောင်၊ ဘဟန်းတောင်နှင့်
ဓမ္မဟိတပဝါရဏာဂိုဏ်းတို့၏ဂဏာဓိပတိ(ဂိုဏ်းချုပ်)
ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော်
သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ဘုရားကြီးကျောင်းတိုက်၏ ဦးစီးပဓာနနာယက သာသနဓဇသိရီပဝရဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တပဏ္ဍဝ မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၄ ရက် (၂၅–၁–၂၀၀၄ရက်) တနင်္ဂနွေနေ့ ည ၉း၁၅ နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၅၀)ရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း၊ အောင်မြေရတနာကျောင်းတိုက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကျောက်ဖြူမြို့ ဘုရားကြီးကျောင်းတိုက်သို့ ပင့်ဆောင်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကမ်းထောင်းကြီး အုတ်ကျောင်းဆရာတော်နှင့်
ဘုရားကြီးတိုက်အုပ်ဆရာတော်။

ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ
(အငြိမ်းစား)
(ရေစကြို)
အသက်(၇၈)နှစ်

ရေစကြိုမြို့ (ဦးရှိန်–ဒေါ်နှင်းအေး) တို့၏သား၊ (အမိန့်တော်ရရှေ့နေ ဦးဘခင်)–ဒေါ်ခင်သန်းတို့၏မောင်၊ ညောင်လေးပင်မြို့၊ (ဦးရွှေရ–ဒေါ်ငွေတင်) တို့၏သားသမက်၊ သံအမတ်ကြီး ဦးကို (ငြိမ်း)–ဒေါ်တင်တင်ပိုက်၊ဦးသက်ကိုကို (သဥ္ဇာမြိုင် စတိုး) – ဒေါ်မာလာကြည်တို့၏ဖခင်၊သာကေတမြို့နယ်၊ ဇေယျာဝဏ်ရိပ်သာ၊ တိုက် အမှတ် ၈ နေ ဒေါ်သန်းသန်းအေး၏ခင်ပွန်းသည် ၂၉–၁–၂၀၀၄ ရက် နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁–၁–၂၀၀၄ ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစန်ဘ
(အင်းလေး)
လူထုပညာရေးမှူးဟောင်း
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
လူမှုဝန်ထမ်းဦးစီးဌာန
အသက်(၇၂)နှစ်

ညောင်ရွှေမြို့နယ်၊ မိုင်းပျိုးရွာနေ ဦးမြစ် – ဒေါ်ခင်ဖြူတို့၏ သားလတ်၊ ပုလောမြို့ ဦးစံသိန်း–ဒေါ်ငွေစိန်တို့၏ သားသမက်၊ ဒေါ်မြညွှန့်(မူကြိုကျောင်းအုပ်၊ ငြိမ်း၊ လူမှုဝန်ထမ်း)၏ ခင်ပွန်း၊ ဦးထွန်းမြိုင်–ဒေါ်သိန်းနွဲ့တို့၏ ညီ/မောင်၊ ပုလောမြို့ ဒေါ်မြကြူ၏အစ်ကို၊ ဦးသန်းဦး–ဒေါ်စန်းယုနွယ်၊ ဦးမင်းချို–ဒေါ်သန္တာ၊ ဦးနေမျိုး၊ ဦးသီဟစံ၊ ဦးသူရစံ–ဒေါ်စန္ဒာအောင်တို့၏ ဖခင်၊ မောင်အောင်ရဲဖြိုး၊ မောင်နန္ဒကျော်တို့၏ အဘိုးသည် ၂၈–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၄၀ နာရီတွင် အမှတ် ၄၇၁၊ စေတနာ ၃ လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၀–၁–၂၀၀၄ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးသိန်းဇော်ဦး
(ချောက်မြို့)
အသက်(၃၄)နှစ်

ချောက်မြို့၊အမှတ်(၈)နယ်မြေ၊ ပုဂံစုရပ်နေ (ဦးသောင်းစိန်)–ဒေါ်ကြင်စိန်တို့၏သားထွေး၊ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် သုတ္တန္တမဟာဌာနနည်းပြ အရှင်ဥတ္တရ၊ ဦးထွန်းထွန်းဦး–ဒေါ်စန်းစန်းဝင်း၊ ချောက်မြို့နေ ဦးအောင်ဇော်ဦး – ဒေါ်ချိုချိုဝင်းတို့၏ ညီငယ်၊ ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၇၁၊ ၃၁ လမ်းနေ ဦးကြည်ဝင်း–ဒေါ်ချိုတို့၏သားသမက်၊ ဒေါ်တင်တင်ချို၏ခင်ပွန်း၊ မသင်းနန္ဒာစိုး(ခ)မခြူးအိန္ဒြေ၏ဖခင်သည် ၂၆–၁–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၃း၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ချောက်မြို့ ရတနာအိုက်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း
ဒါယိကာမကြီး
ဒေါ်သောင်းခင် (ကလေးဝ)
(ချမ်းမြေ့ယောဂီ)
အသက်(၈၁)နှစ်

စစ်ကိုင်းတိုင်း၊ ကလေးဝမြို့နေ(ဦးဖုံ–ဒေါ်ဖွားမယ်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၆၂၊ ၅ လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးလူခင်–ဒေါ်သောင်း)တို့၏ညီမ၊ ဦးမောင်မောင်–ဒေါ်မြင့်မြင့်ဝေ၊ ဦးညီညီ–ဒေါ်ခင်မေမြင့်၊ ဦးခင်မောင်ရီ(Sunrise)၊ ဦးခင်မောင်ကြည် (ဦးစီးအရာရှိ၊ စစစ၊ မုံရွာ)–ဒေါ်အေးအေးမူ (အခွန်ဦးစီးမှူး၊ မုံရွာ)၊ ဦးထွန်းပေါ်–ဒေါ်ခင်လေးမူ၊ ဦးခင်မောင်ချို (Hanseatic)၊ ဦးအောင်မင်းဦး–ဒေါ်ကြူကြူ (ဒဂုံတောင်၊ သ/မ ဦးစီး)၊ ဦးခင်မောင်ချစ်(Sunrise)၊ ဦးခင်မောင်မြင့်(Sunrise)–ဒေါ်စုစုချို၊ ဦးခင်မောင်တင့်(Lizstar)–ဒေါ်ရွှေကင်း၊ ဦးခင်မောင်ဝင်း(Lizstar)–ဒေါ်စိုးစိုးဦးတို့၏မိခင်၊ မြေး ၂၂ ယောက်တို့၏အဘွားသည် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ၂၉–၁–၂၀၀၄ရက် မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁–၁–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများကို ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဖြူ (အောင်လံ)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၁၅(ပ)ထပ်နေ (ဦးသိန်းဖေ–ဒေါ်နု)တို့၏သမီး၊ (ဗိုလ်မှူးစိုင်းမွန်း)၏ဇနီး၊ (ဒေါ်မာမာရီ)–ဦးစောလွင် (K & W SYN., Ltd.)၊ ဒေါ်သန်းသန်းငွေ–(ကပ္ပတိန်မြင့်စိုး)၊ ဦးစိုင်းအောင်မင်း (C/O Huap Choom Shipping.,Co.)–ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ငွေငွေစိုး–ဦးမြကြီးအောင်(C/O Lizstar Shipping Co.)၊ (ဦးစိုင်းနိုင်အောင်)တို့၏ မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၈–၁–၂၀၀၄ရက် ည ၇း၃၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀–၁–၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

တပ်ကြပ် တင်ထွဋ်(ခ)
တွတ်ပီ(ခ)လူပု
အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊အမှတ် ၃၆–ဘီ၊ အောင်တော်မူလမ်းနေ ဦးညီညီ(စိုက်ပျိုးရေး၊ ငြိမ်း)–ဒေါ်သိန်းမြ(လှိုင်လင်)တို့၏ သားထွေး၊ ဒေါ်စိန်စိန် (အမက–၂၂၊ ဗဟန်း)၏ခင်ပွန်း၊ မောင်အောင်မျိုးထွဋ်(ခ)အာရာဖတ် (အထက–၃၊ ဒဂုံ)၏ ဖခင်၊ ဦးမြင့်ဝေ–ဒေါ်အေးအေးကြူ၊ ဦးမြင့်ထွန်း–ဒေါ်အေးအေးမူ၊ ဦးအောင်ညီညီ–ဒေါ်သန်းသန်းအေးတို့၏ ညီ/မောင်၊ တူ တူမ လေးယောက်တို့၏ ဦးလေးသည် ၂၇–၁–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၉–၁–၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီးမှ မင်္ဂလာဒုံ စစ်သင်္ချိုင်းသို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

လာအိုဒုတိယဝန်ကြီးချုပ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရခိုင်ပြည်နယ် သံတွဲမြို့သို့ရောက်ရှိပြီး ငပလီကမ်းခြေတွင် အနားယူအပန်းဖြေ

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ထောင်လန်ဆီဆူလစ်နှင့်ဇနီး မဒမ်နာလီဆီဆူလစ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်တာဗီဘော့ဟီစိမ်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ရခိုင်ပြည်နယ်၌ ချစ်ကြည်ရေးခရီး လှည့်ပတ်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ ရခိုင်ပြည်နယ် သံတွဲမြို့ သံတွဲလေဆိပ်သို့ ဇန်နဝါရီ ၂၈ ရက် ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြသည်။

ကြိုဆို

ဧည့်သည်တော် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်နှင့် ဇနီး မဒမ်နာလီဆီဆူလစ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်လှိုင်၊

စာမျက်နှာ ၃ ကော်လံ ၁ ■



PARITY COMPUTER ပြခန်းတွင် ပြသထားသည့် အိုင်တီနည်းပညာအသုံးပြုပစ္စည်းများကို တွေ့ရစဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

အိုင်တီပညာရပ်ကို လေ့လာဆည်းပူးလိုသူများအတွက် အကောင်းဆုံးဖြည့်ဆည်းပေးနိုင်သည့် မြန်မာအိုင်စီတီပြပွဲ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၉

ယနေ့ကာလသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဘက်စုံ၊ ကဏ္ဍစုံတွင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်ဖြစ်ရာ နိုင်ငံတကာတွင် နောက်ဆုံးပေါ် ခေတ်မီတိုးတက်လျက်ရှိသော အိုင်တီနည်းပညာရပ်များကို သင်ယူတတ်မြောက်ကြရန် လိုအပ်ပေသည်။

စာမျက်နှာ ၄ ကော်လံ ၅ ❐

“အိုင်တီနည်းပညာသုံးပစ္စည်းများက ပြည်သူများအတွက် ဝန်ဆောင်မှုကို ထိရောက်စွာပေးနိုင်”
ဦးရဲသူရသက်(ဒါရိုက်တာ) MIT ပြခန်း။

ပင်လယ်ပျော်တို့မွေ့လျော်ရာ ‘မကြံ့ဂလက်’ ဆလုံတိုင်းရင်းသားတို့ရွာ

သတင်းဆောင်းပါး-သန်းဇော်၊ ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၉

အို–လုအဝီး–––နာကျီဆမ်း––ဂျလန်ကပ်တိုင်း–––အို––– ကူဂျက်နာကျီဆမ်း–––နာကျီဆမ်း––ဂျာလမ်းကပ်တိုင်း–လူအဝီးအေး––။

အစချီသော ‘ဆလုံ’သီချင်းလေးမှာ–

‘ဆလုံ’တိုင်းရင်းသားတိုင်းရင်းသူများ ရေပြင်အဏ္ဏဝါလှိုင်းပြာပြာတွင် လုပ်ငန်းသဘာဝ ဝမ်းစာရှာပြီး ရရှိလာသော ရေသယံဇာတ ငါး၊ ပုစွန်၊ ခူ၊ မျှော့၊ ကမာ၊ ပုလဲများကို ငွေသောင်ယံတွင် စောင့်မျှော်နေသည့် သက်ဆိုင်သူများထံ ပေးအပ်ပြီး ပျော်ရွှင်မြူးတူးစွာ တွေ့ဆုံနေကြခြင်း အဓိပ္ပာယ်ဖြစ်သည်။

ဆလုံတို့သည် ပင်လယ်ရေထွက်ပစ္စည်းများကို ရှာမည်။ ပြီးတော့ သူတို့ဓလေ့သီချင်းကို ဆိုမည်၊ ကမည်။ ဤသည်ကိုပင် ၎င်းတို့ ကျေနပ်ကြသည်။ တစ်ခါတစ်ရံ ဆလုံတို့ အစုလိုက်ဖွဲ့၍ ဟိုတစ်စု သည်တစ်စုဖြင့် တဲပေါ်တွင် လှဲအိပ်နေတတ်ကြသည်။ စကားပြောနေတတ်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ●

မကြံ့ဂလက်ရွာရှိ ဆလုံ တိုင်းရင်းသူနှင့် ဆလုံ တိုင်းရင်းသား။ ဓာတ်ပုံ–ထွေးကြည် (မြန်မာ့အလင်း)

ဆလုံတိုင်းရင်းသားများ၏ ဝမ်းရေးအတွက် မရှိမဖြစ်ရအောင် အသုံးပြုနေကြရသည့် ရိုးရာငါးဖမ်းလှေများ။
ဓာတ်ပုံ–ထွေးကြည် (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့ထိပ်တန်း သံမဏိလုပ်ငန်းဖြစ်လာရန်

တောင်ကိုရီးယားနိုင်ငံ၏ ပို့စ်ကို ကုမ္ပဏီသည် ကမ္ဘာ့ထိပ်တန်းသံမဏိ လုပ်ငန်းကြီးတစ်ခု ဖြစ်လာရန် စီစဉ်လျက်ရှိရာ ၂၀၀၈ ခုနှစ်၌ ဝမ်ငွေ ၁၃ ဒသမ ၅ ထရီလီယံ(ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံ)သုံးစွဲမည်ဖြစ်သည်။ **(ယာပုံ)**

နှင်းခဲထုများဖယ်ရှား

အမေရိကန်ပြည်ထောင်စု မီချီဂန်ပြည်နယ်ရှိ လန်ဆင်းမြို့တွင် ဂရင်းမြစ်အနီး၌ နိုင်ငံခြားရေးရုံးမှ အလုပ်သမားများက ၎င်းတို့၏ ကားများပေါ်၌ ဖုံးအုပ်နေသော နှင်းခဲများကို ဇန်နဝါရီ ၂၄ ရက် အင်္ဂါနေ့က **(ဝဲပုံ)**တွင် မြင်ရသည့်အတိုင်း ရှင်းလင်းဖယ်ရှားခဲ့ကြရသည်။

လန်ဆင်းဒေသသည် အင်္ဂါနေ့ ညကုန်ဆုံးချိန်၌ နှင်းခဲထု ခုနစ်လက်မမှ ၁၀ လက်မအထိ စုပုံမြင့်တက်လာဖွယ်ရှိသည်။

ယနေ့ထုတ်ခောင်ရေ ၂၀၀၇၈၆

30-1 (20).p65 1 3/26/05, 12:26 AM